ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့ (2-6-2008) (၅၆၉၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီတလီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၂

၂၀၀၈ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီတလီ သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဂျော်ဂျီယို၊ နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု၊ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များ အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန်   ဇွန်   ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် လေဘေးဒဏ်ခံရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု၊ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသော သစ်ပင်များအား အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁နာရီတွင် ဆိပ်ကမ်းမြို့နယ် ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ ကျင်းပသည့် စင်ကာပူသမ္မတနိုင်ငံမှ ဆရာတော် Rev. Chen Tuen ဦးဆောင်သည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇွန်   ၂

၂၀၀၈ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကျရောက်သော အီတလီ သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆီလ်ဗီယိုဘာလူစကိုနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဝန်ထမ်းများ လှိုင်သာယာ-ထန်းတပင်လမ်းတစ်လျှောက်၌ လျှပ်စစ်ဓာတ်အားပေး ဓာတ်ကြိုးများ သွယ်တန်းခြင်း၊ ဓာတ်တိုင်သစ်များ အစားထိုးစိုက်ထူခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူတစ်ရပ်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံလိုက်ခြင်းမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထောက်ခံခြင်းဖြစ်

"ပြည်သူတစ်ရပ်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံလိုက်ခြင်းမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထောက်ခံခြင်းဖြစ်သကဲ့သို့ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကို ကြိုဆိုလိုက်သည့်သဘောလည်း ဖြစ်ပါသည်။"

ရဲဘော်တင်ရွှေ၏ "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ရဲရင့်ပြတ်သားသော ပြည်သူတို့၏ အဆုံးအဖြတ်"

(ဆောင်းပါး) စာမျက်နှာ-၆

ကြေးမုံ
The Mirror
၂-၆-၂၀၀၈
(တနင်္လာနေ့)

လူငယ်များ စိတ်ဓာတ်အခြေခံမြင့်မားရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ရှင်သန်ဖွံ့ဖြိုးရေးသည် မျက်မှောက်ခေတ်လူငယ်များ၏ လက်ဝယ်တွင်ရှိသကဲ့သို့ လူငယ်များ၏ အရည်အချင်း၊ အတတ်ပညာနှင့် စိတ်ဓာတ်ခံယူချက်များ ပြည့်စုံရေးသည်လည်း ယနေ့ ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပေးနိုင်မှုအပေါ်တွင် တည်မှီနေသည်။

နိုင်ငံတော်အစိုးရက အမျိုးသား ပညာရည်မြင့်မားရေး ရည်မှန်းချက်၊ စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာရေး မျှော်မှန်းချက်များ အောင်မြင်ရေး လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည်။ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခေတ်မီသင်ကြားမှု သင်ယူမှုနည်း စနစ်များနှင့် ပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးတည်ဆောက်ပေးနေသည်။

ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သော ဆရာ၊ ဆရာမများအနေဖြင့် လူငယ်များ၏ ပညာစွမ်းရည် တိုးတက်မြင့်မားနေစေရေး အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးနေကြသည်။ ထိုနည်းတူ လူငယ်များ၏ ရည်မှန်းချက်များနှင့် နိုင်ငံ၏အကျိုးစီးပွား ဆီလျော်ညီညွတ်မှုရှိစေရန် လမ်းမှန်ကို ညွှန်ပြထိန်းကျောင်း ပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်ပေးပြီး ပညာရပ်အလိုက် ထူးချွန်ထက်မြက်လာစေရန် ပျိုးထောင်ပေးကြရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် စာရိတ္တကြံ့ခိုင်မှု၊ စိတ်ထားမွန်မြတ်မှု၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှုစသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရရှိလာစေရေး အသိပညာပေးကြရမည်ဖြစ်သည်။

ယခုအချိန်သည် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်ကို အစပျိုးသည့် အချိန်အခါဖြစ်ရာ ဆရာ၊ ဆရာမများသည် ပညာရေးဥယျာဉ်မှူးများ ဖြစ်ကြသည်နှင့်အညီ ပညာရေးပျိုးခင်းထဲမှ တပည့် ကျောင်းသား၊ ကျောင်းသူများအား စာပေအတတ်ပညာ၊ စာရိတ္တနှင့် ကိုယ်ကျင့်တရား၊ စွမ်းရည်စိတ်ဓာတ်ကောင်းများ ပြည့်ဝခိုင်မာစေရေး လေ့ကျင့်ပျိုးထောင် သင်ကြားပေးခြင်းဖြင့် ဘက်စုံပညာရည် မြင့်မားသည့် နိုင်ငံ့သားကောင်း သမီးမွန်များ ဆက်လက်ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ တိုင်းအဆင့်ရဲကျင့်ဝတ် စံပြရဲ ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၈ ခုနှစ် တိုင်းအဆင့်ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူးအဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၁၀၅ဦး ဝင်ရောက် ဖြေဆိုကြသည်။

အလားတူ စံပြရဲရေးဖြေစာမေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ရဲအုပ်အဆင့်မှ ရဲတပ်သားအဆင့်အထိ တပ်ဖွဲ့ဝင် ၆၈ဦး ဝင်ရောက် ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲဖြေဆိုရာသို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများနှင့် ဒုတိယရဲမှူး (ဦးစီး)များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့နှင့်စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဝန်ကြီး ဦးကျော်သူအား TCG အဖွဲ့မှ စင်ကာပူသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဇွန် ၁

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂသုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းထားသည့် Tripartite Core Group (TCG) ၏ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံကြရသော ဒေသများမှ ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လိုအပ်သည့်အကူအညီများ ပေးအပ်သွားနိုင်ရန် မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဖွဲ့စည်းထားသည့် Tripartite Core Group (TCG)အဖွဲ့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ခေါင်းဆောင်သည့်အဖွဲ့သည် မေ ၃၁ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့် TCG အဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းတွေ့ဆုံရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ TCG အဖွဲ့ဝင် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ အကြီးအကဲနှင့် လက်ထောက်ညွှန်ကြားရေးမှူး မစ္စအဒီလီနာကာမယ် (Ms. Adelina Kamal)၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ ဘစ်ရှောပါရာဂျူလီ (Mr. Bishow Parajulli)၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် မစ္စတာ ဒယ်နီရယ်ဘီဘေကာ (Mr. Daniel B. Baker)နှင့် အခြား TCG အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂသုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းထားသည့် Tripartite Core Group (TCG) ၏ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား Tripartite Core Group (TCG)အဖွဲ့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ စာအုပ်စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းပွဲများ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့၌ ကျင်းပ

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့နှင့် စာအုပ်၊စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စည်းကမ်းထိန်းသိမ်းရေးဌာန ကြီးမှူး ဒေါ်မြသီဂီ၊ ဘဏ္ဍာရေးရာဌာနကြီးမှူး ဒေါ်အေးအေး၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနှင့် အတွင်းရေးမှူး အဖွဲ့ဝင်တို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ကျောင်းနေအရွယ်ကလေးများ ကျား ၂၂၂၅ ဦး၊ မ ၃၃၀၀ စုစုပေါင်း ၅၅၂၅ဦးတို့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ ဗလာစာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံ (ကျား၊ မ)၊ မိုးကာအင်္ကျီ တို့ကိုလည်းကောင်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဗလာစာအုပ်များကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ငွေကျပ် ၂၇ သိန်း တန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံပေးအပ်လှူဒါန်းပွဲကို မေ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီ၊ ဘဏ္ဍာရေးရာဌာနကြီးမှူး ဒေါ်အေးအေး၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါက်တာ ဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အေးအေးတို့က ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းနေအရွယ်ကလေးများအား စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင်ပညာရေးမှူးက ကျောင်းအပ်နှံရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေများ၊ ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါနေရာများတွင် လှူဒါန်းနိုင်သည်-

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၁၆/က) ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅တို့သို့ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများကို ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန) ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃) ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂၊ မီးသတ်ဦးစီးဌာန (ရုံးချုပ်)၊ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး ရန်ကုန်မြို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၁

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ်၇၁၅၄၀၀တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၅၂၉၅၉၀ တန်ဖိုးရှိငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၄၅၁၆၉၄၀၀တန်ဖိုးရှိ သွပ်အချပ်၂၀၀၀၊ ဆန်၁၂၆အိတ်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည် မျိုးစုံတို့ကို အသီးသီးပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ်၁၅၇၈၅၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၄၇၉၉၂၈၉၀ ဖြစ်ပြီး ဇွန် ၁ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၆၉၇၂၇၂၂၁၄ရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် Rotary International District 2650 မှ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းစဉ်။

(ကျန်းမာရေး)

လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၁

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကွပ်ကဲမှုရုံးခန်းမ၌ ကျင်းပရာ ဂျပန်နိုင်ငံ အရှေ့ပိုင်း Rotary International District 2650 မှ Governor Mr. Chohei Hashimoto က ငွေကျပ် ၂၇၄၄၀၀၀၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ စင်ကာပူအသင်း၊ မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့ကကြီးမှူး၍ ဧရာဝတီတိုင်း ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်များ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းရာ FMI ကုမ္ပဏီဥက္ကဋ္ဌ ဦးသိမ်းဝေ လက်ခံစဉ်။

(သတင်းစဉ်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအထိမ်းအမှတ် ကျောင်းဝတ်စုံနှင့်ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ၊ အိမ်သာသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁ရက် နံနက် ၉နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ထီးတန်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မဥ္ဇူဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်စိန်တို့က ကျေးဇူးတင်စကားပြောကြားကြပြီး ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ**(အပေါ်ပုံ)** တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ကျောင်းများသို့ အလှူငွေကျပ်နှစ်သိန်းနှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ အိမ်သာသုံးပစ္စည်းများပေးအပ်လှူဒါန်းကြောင်းသိရသည်။

(၅၄၆)

ပေးအပ်လှူဒါန်း

ဧရာဝတီတိုင်း ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်များ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် NNS ပဲမျိုးစုံနှင့် အထွေထွေရောင်းဝယ်ရေးမှ ဦးအောင်စိုးဝင်း၊ ဇနီး ဒေါ်နွယ်နွယ်ဆင့်(ခ)မမိုး မိသားစုက အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းရာFMI ကုမ္ပဏီဥက္ကဋ္ဌ ဦးသိမ်းဝေ လက်ခံစဉ်။

(သတင်းစဉ်)

မုန်တိုင်းသင့်ခံရသော ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁

ရန်ကုန်မြို့ရှိ စင်ကာပူအသင်း၊ မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့က ကြီးမှူး၍ Cyclone Nargis Charity Golf Tournament ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ Pun Hlaing Golf Club ၌ ကျင်းပရာ ဖိတ်ကြားထားသော အလှူရှင်များ၊ အထူးဧည့်သည်များနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် မုန်တိုင်းသင့်ခံရသော ဧရာဝတီတိုင်း ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်များ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ စင်ကာပူအသင်း၊ မလေးရှားအသင်းနှင့် ထိုင်းအသင်းတို့က အလှူငွေကျပ် သိန်း၃၀၀နှင့် NNS ပဲမျိုးစုံနှင့် အထွေထွေရောင်းဝယ်ရေးမှ ဦးအောင်စိုးဝင်း၊ ဇနီး ဒေါ်နွယ်နွယ်ဆင့်(ခေါ်) မမိုး၊ သား ငြိမ်းချမ်းကိုတို့က အလှူငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းရာ FMI Co, ဥက္ကဋ္ဌ ဦးသိမ်းဝေက လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် သမိုင်းဝင် လေးမျက်နှာရန်အောင်မြင် ဆုတောင်းပြည့်စေတီတော်မြတ် ရွှေထီးတော်၊ စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနား တက်ရောက်

နေပြည်တော် ဇွန် ၁

နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မေ ၃၁ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ပျဉ်းမနား ပြန်ကပြေးကျေးရွာအုပ်စု သက်ကယ်ကျင်းကျေးရွာရှိ မဟာသီရိမင်္ဂလာ ကျောင်းဝင်း အတွင်း တည်ထားကိုးကွယ်သော သမိုင်းဝင်လေးမျက်နှာ ရန်အောင်မြင် ဆုတောင်းပြည့်စေတီတော် မြတ်ကြီး အား ပြန်လည်ပြုပြင်မွမ်းမံပြီး ရွှေထီးတော်၊ စိန်ဖူးတော်အထွတ်တင်မင်္ဂလာ၊ ဗုဒ္ဓါဘိသေက အနေကဇာ တင် မင်္ဂလာ၊ သိမ်ကျောင်းတော် ရေစက်ချမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ စေတီတော်အထွတ်၌ ထီးတော်တင်လှူပူဇော်သည်။ (အောက်ပုံ)

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် နေပြည်တော်ပျဉ်းမနား မြို့နယ်သံဃ နာယက အဖွဲ့ဥက္ကဋ္ဌ မဟာလယ်တီ စံကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဒထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ရေစက်ချ

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် စေတီတော်တွင် တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်ပြီး နေပြည်တော်ပျဉ်းမနား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာလယ်တီစံကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဒထံမှ ရေစက်ချ အနုမောဒနာ တရားနာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ပြီး ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ကြကာ မင်္ဂလာအချိန်တွင် ရွှေထီးတော်ပထမဘုံအဆင့်မှစ၍ ရွှေထီးတော် အဆင့်ဆင့်ကို တင်လှူပူဇော်သည်။

ထို့နောက်တိုင်းမှူးက ငှက်မြတ်နားတော်၊ စိန်ဖူးတော်အထွတ်ကို တင်လှူပူဇော်ပြီး ပရိသတ်များက ဇယန္တော ဗောဓိယာမူလေ အောင်ဂါထာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြကာ တိုင်းမှူးက ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လင်းလွန်းပင် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁

လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းရပ်ကွက်၊ လင်းလွန်းပင်ပရိယတ္တိ စာသင်တိုက်အတွင်းရှိ နှစ်ပေါင်းရာကျော်သိမ်တော်ကြီးနှင့် ဆွမ်းစားကျောင်း၊ သာသနာ့ဗိမာန်တော်၊ သံဃာတော်များ သီတင်းသုံးသည့် ကျောင်းဆောင်များ၊ ကုဋီများ ပြန်လည်ပြုပြင်ရန် အတွက်အမှတ်(၁၉)ပန်းတနော်လမ်းနေ မိခင်ကြီး ဒေါ်သန်းရီ၏(၆၃)နှစ်ပြည့်မွေးနေ့အလှူအဖြစ်မတည်ငွေကျပ်သိန်း ၂၀ကို လင်းလွန်းပင်ဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထံ သား သမီးမြေး မိသားစုတို့က ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)** ကျောင်းတိုက်ကြီး၏ မူလအလှူရှင် ကျောင်းဒကာများနှင့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုသူများ အနေဖြင့် လင်းလွန်းပင် ပရိယတ္တိ စာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊တယ်လီဖုန်း-၀၁-၅၃၇ ၆၅၇ သို့ ဆက်သွယ်၍ ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သတင်းရရှိ သည်။

(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒုတိယဒေသဆိုင်ရာ ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၁

ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင် အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Poonan Khetrapal Singh ခေါင်းဆောင်သော အဖွဲ့သည် ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့်အတူ မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာနရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာ ကျော်ညွှန့်စိန်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက လေဘေးသင့်ခံရသည့် ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေ၊ ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းအစီအစဉ် များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ရေစက်ချမင်္ဂလာနှင့် အလှူရှင်များအားဂုဏ်ပြု

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ပဒေသာပင် အလှူရှင်များအား အကြိမ်(၅၀)မြောက် ရေစက်ချမင်္ဂလာပွဲနှင့်အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ ဆေးရုံကြီး၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းတိုက် ဝေဠုဝန် နိကာယ ပဓာန နာယက ဆရာတော်ဘဒ္ဒန္တကဝိဓဇထံမှပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးတော်ဆောင် စာရင်းစစ် ဦးဝင်းထိန်က အလှူရှင်များ ရေစက်ချမင်္ဂလာပွဲနှင့် ဂုဏ်ပြုညှော်ခံပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ယင်းနောက် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော် မေ ၂၇ ရက်က ပုသိမ်မြို့ အခြေခံပညာ အလယ်တန်း ကျောင်းရှိ ကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်အိမ်ထောင်စုများအား စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ လက်သုံးကိရိယာများ မိသားစုအလိုက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမ ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား ၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းပြိုင်ပွဲ အမျိုးအစား သုံးမျိုးတို့ကို ထည့်သွင်း ကျင်းပသွားမည် ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် အလေးမ အသင်းများနှင့် တစ်ဦးချင်းပြိုင်ပွဲဝင်မည့် အလေးမ အားကစားမောင်မယ်များသည် ဇွန် ၁၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)ထံ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဖုန်း-၀၁-၃၈၈၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့ စခန်းသိမ်းအတွေ့အကြုံ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ မြောင်းမြမြို့နှင့် လပွတ္တာမြို့များရှိ လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသရန် ရောက်ရှိနေသော ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေး စောင့်ရှောက်သူများအဖွဲ့သည် မေ ၁၈ ရက်မှ ၂၈ ရက်အထိ မြောင်းမြမြို့ ပဏ္ဍိတာရုံကျောင်း၌ အခြေစိုက်၍ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။

ထို့နောက် မေ ၂၈ ရက်တွင် စခန်းသိမ်းအတွေ့အကြုံဆွေးနွေးပွဲပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အထူးဆေးကုအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် Dr.Pichit Siriwan ခေါင်းဆောင်သော ထိုင်းနိုင်ငံ ကျန်းမာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထိုင်းနိုင်ငံမှ ပထမဦးဆုံးအကြိမ်ရောက်ရှိလာသော ကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့သည် ကယ်ဆယ်ရေးစခန်းပေါင်း ၂၀ မှ လူနာပေါင်း ၃၇၆၈ဦးကို ကြည့်ရှုစစ်ဆေး ဆေးကုသပေးခဲ့ကြသည့်အပြင် အသေးစား ခွဲစိတ်ကုသမှုပေါင်း ၁၆၈ ခုနှင့် ကျန်းမာရေးပညာပေးခြင်း၊ စိတ်ဖိစီးမှုဝေဒနာခံစားနေကြသူများအားနှစ်သိမ့်ဆွေးနွေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများအတွက် ပံ့ပိုးဆောင်ရွက်ခြင်း၊ဆေးဝါးနှင့်ဆေးပစ္စည်းများကို ကယ်ဆယ်ရေးစခန်းသို့ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကုန်များတင်ပို့

ကျောက်တန်းမြို့နယ်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ (MITT) တွင် ပင်လယ်ကူးကုန်တင် သင်္ဘောများ ဆိုက်ကပ်ပြီး ကုန်များတင်ပို့နေစဉ်။

(သတင်းစဉ်)

နိုင်ငံတကာမှ ကုန်စည်များ၊ ကုန်သေတ္တာများကို သိုလှောင်တင်ပို့နိုင်သည့် အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်ကမ်းများ

ဗိုလ်အောင်ကျော်ဆိပ်ကမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

Asia World အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းရှိ ကုန်သေတ္တာစခန်းကို တွေ့ရစဉ်။(သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းရှိ ဂိုဒေါင်အဆောက်အအုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့် ရဲရင့်ပြတ်သားသော ပြည်သူတို့၏ အဆုံးအဖြတ်

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့သည်။

၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် နာဂစ်မုန်တိုင်းကင်းလွတ်ရာ ဒေသများ၌ကျင်းပခဲ့ပြီး မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ မေလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးကို အောင်မြင်ချောမောစွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိရင်တွင်းဆန္ဒကို ဖော်ထုတ်ပြသခွင့်ရခဲ့ကြခြင်း ဖြစ်ပေသည်။

မေလ ၁၀ ရက်နေ့တွင် နိုင်ငံတစ်ဝန်းရှိ မြို့နယ် (၂၇၈) မြို့နယ်၌ ဆန္ဒမဲပေးသည့် လူဦးရေ၏ (၉၂ ဒသမ ၄) ရာခိုင်နှုန်းက ထောက်ခံမဲ ပေးခဲ့ကြသည်။

မေလ ၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းရှိ မြို့နယ်ပေါင်း (၄၀) နှင့် ဧရာဝတီတိုင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဆန္ဒမဲပေးသူဦးရေ၏ (၉၂ ဒသမ ၉၃) ရာခိုင်နှုန်းက ထောက်ခံမဲပေးခဲ့ကြလေသည်။

တစ်နိုင်ငံလုံး၏ ထောက်ခံမဲပေးသည့် စုစုပေါင်းရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းဖြစ်လေရာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတို့က အတည်ပြုပေးလိုက်ပြီဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့၏ နည်းမျိုးစုံသုံး၍ ဆန္ဒခံယူပွဲ ပျက်သုဉ်းရေး ကြိုးပမ်းမှုကို ကျော်လွှားကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းလည်းဖြစ်ပါ၏။

ပြည်တွင်းမှ NLD နှင့် အပေါင်းပါများ၊ ပြည်ပရောက် ပြည်ပြေးများနှင့် ပြည်ပနိုင်ငံကြီးများ၏ အသံလွှင့်ဌာနများက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို တရားမျှတမှု မရှိ၊ လွတ်လပ်မှု မရှိဟူ၍ အမနာပပြောဆိုခဲ့ကြသည်။

အမှန်အားဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းကာ ဥပဒေနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။

မဲပေးသည့်စနစ်မှာလည်း နိုင်ငံတကာ ဒီမိုကရေစီစံချိန်စံညွှန်းနှင့်အညီ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

မဲပေးကြရာတွင်လည်း မဲရုံများ လုံခြုံစွာထားရှိပေးသည်ကို တွေ့ကြရ၏။

မဲရုံပတ်ဝန်းကျင်တွင် မဲဆွယ်ခြင်း၊ ဖိအားပေးခြင်းလည်းမရှိ၊ မဲရုံ တာဝန်ခံများက မဲဆန္ဒရှင်စာရင်းနှင့်တိုက်ဆိုင်၍ မဲလက်မှတ်ထုတ်ပေးပြီး မဲလက်မှတ်ထုတ်ယူသည့် ပုံစံတွင် လက်မှတ်ရေးထိုးခြင်းမှတစ်ပါး မဲလက်မှတ်တွင် မည်သည့်အမှတ်အသားမျှ မပါရှိပါ။

မဲဆန္ဒရှင်တစ်ဦး အနေဖြင့် မိမိကိုယ်တိုင် မဲလက်မှတ်ကို ရယူပြီး မဲရုံအတွင်း မိမိစိတ်ကြိုက် ဆန္ဒပြုကာ မဲပုံးထဲ လွတ်လွတ်လပ်လပ် ထည့်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်။

သို့ဖြစ်ရာ မဲလိမ်သည်၊ မဲခိုးသည်ဆိုသော ဖဆပလပါလီမန် ဒီမိုကရေစီခေတ်က အပြုအမူမျိုး မည်သို့မျှ လုပ်ဆောင်၍ မရနိုင်ပါ။

ကျွန်တော်သည် ဗိုလ်တထောင်မြို့နယ်တွင် ဆန္ဒမဲပေးရပြီး ကျွန်တော့်ကိုယ်တွေ့အရ လွတ်လပ်အေးချမ်းစွာ မဲပေးခဲ့ရပါသည်။

မြို့နယ်အတွင်းရှိ မဲရုံများသို့ လှည့်လည်ကြည့်ရှုရာ၌လည်း မဲရုံအားလုံးတွင် မဲဆန္ဒရှင်များ စိတ်ချမ်းသာ လက်ချမ်းသာဖြင့် လွတ်လပ် ပေါ့ပါးစွာ ဆန္ဒမဲပေးကြသည့်မြင်ကွင်းကို မြင်ခဲ့ရပါ၏။

ဖဆပလပါလီမန် ဒီမိုကရေစီခေတ်က မဲခိုးသည်ဆိုခြင်းမှာ မဲပြားကို မဲပုံးများအနက် ကြိုက်နှစ်သက်ရာ မဲပုံးထဲ ထည့်ရသည် ဖြစ်ရာ အတိုက်အခံ မဲပုံးများထဲမှ မဲကိုဖောက်ယူပြီး ဖဆပလ မဲပုံးထဲ ပြောင်းထည့်ခြင်းဖြင့် ခိုးခြင်းဖြစ်သည်။

ယခု ကျင်းပပြီးစီးခဲ့သော ဆန္ဒခံယူပွဲနှင့် မဲပေးပုံစနစ်ချင်း မတူပါ ချေ။ ယနေ့ကျင်းပသည့် ဆန္ဒခံယူပွဲမှာ မဲလက်မှတ်ပေါ်တွင် အမှန်/ အမှားခြစ်၍ မဲပေးခြင်းဖြစ်ရာ အမှားခြစ်ထားသော မဲလက်မှတ်ကို အမှန် ပြင်၍ မရနိုင်ပါ။

ရဲဘော်တင်ရွှေ

ထို့အတူ မဲပုံးအတွင်း အမှန်ခြစ်ထားသော မဲလက်မှတ်များကိုလည်း ထည့်ထား၍ မရပါ။

မဲရုံ စတင်ဖွင့်လှစ်ချိန်တွင် မဲရုံတာဝန်ခံများက အများပြည်သူမြင်သာအောင် မဲပုံးထဲတွင် ဘာမျှမရှိသည်ကို ပြသပြီးမှ မဲပုံးကို ချထားခြင်း ဖြစ်ပါသည်။

မဲရုံပိတ်သောအခါ၌လည်း ထည့်ဝင်သော မဲဆန္ဒရှင်စာရင်း (အရေ အတွက်)နှင့် မဲလက်မှတ် အရေအတွက်တို့ကို မဲရုံတာဝန်ခံများက ကြေညာရသည်ဖြစ်ရာ အပိုအလိုရှိ၍ မရနိုင်ပါ။

ထို့ကြောင့် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်မှ ကြေညာသော မဲစာရင်းများသည် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ဖော်ပြသော မဲစာရင်း ဖြစ်၏။

မဲရုံအလိုက် ပြည်သူတို့ ရှေ့မှောက်တွင် ရေတွက်ရသည့် မဲစာရင်းများဖြစ်လေရာ မည်သို့မျှ လိုတိုးပိုလျှော့၍ မရနိုင်ပါ။

ဖဆပလခေတ်က မဲခိုးသကဲ့သို့ ခိုး၍မရနိုင်ပါ။ မဲလိမ်၍လည်း မရနိုင်ပါ။

ပြည်သူတို့၏ ဆန္ဒအစစ်အမှန်သာဖြစ်၏။

ဤသည်မှာ **ပြည်သူတစ်ရပ်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံကြောင်း ပြသလိုက်သည်လည်း ဖြစ်သည်။ မဲဆန္ဒပေးသူ စုစုပေါင်း၏ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းက ထောက်ခံမဲပေးခြင်းသည် ပြည်သူတစ်ရပ်လုံးက ထောက်ခံသည့် သဘောပင် ဖြစ်လေသည်။**

မဲရုံပိတ်သောအခါ၌လည်း ထည့်ဝင်သော မဲဆန္ဒရှင်စာရင်း (အရေအတွက်) နှင့် မဲလက်မှတ်အရေအတွက်တို့ကို မဲရုံ တာဝန်ခံများက ကြေညာရသည်ဖြစ်ရာ အပိုအလိုရှိ၍ မရနိုင်။

ထို့ကြောင့် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်မှ ကြေညာသော မဲစာရင်းများသည် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ဖော်ပြသော မဲစာရင်းဖြစ်။

မဲရုံအလိုက် ပြည်သူတို့ ရှေ့မှောက်တွင် ရေတွက်ရသည့် မဲစာရင်းများ ဖြစ်လေရာ မည်သို့မျှ လိုတိုးပိုလျှော့၍ မရနိုင်။

တစ်နိုင်ငံလုံး၏ ထောက်ခံမဲပေးသည့် စုစုပေါင်းရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း ဖြစ်လေရာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတို့က အတည်ပြု ပေးလိုက်ပြီဖြစ်။

ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့၏ နည်းမျိုးစုံသုံး၍ ဆန္ဒခံယူပွဲ ပျက်သုဉ်းရေး ကြိုးပမ်းမှုကို ကျော်လွှားကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းလည်း ဖြစ်။

NLD တို့က ၁၉၉၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်အများစု ရရှိလိုက်ရာ ပြည်သူတစ်ရပ်လုံးက ထောက်ခံသည်ဟု လွဲမှားစွာ ပြောဆိုလျက် ရှိသည်ကို တွေ့ရသည်။

အမှန်မှာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးသူ သန်း ၂၀ ကျော်အနက် NLD က ခုနစ်သန်းကျော်သာ ရရှိခဲ့သည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးမဆိုထားနှင့် မဲဆန္ဒရှင်ထက်ဝက်ပြည့်အောင်ပင် ထောက်ခံမဲရရှိခဲ့ခြင်း မဟုတ်ပါ။

ပြည်သူတစ်ရပ်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံလိုက်ခြင်းမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထောက်ခံခြင်းဖြစ်သကဲ့သို့ ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကို ကြိုဆိုလိုက်သည့် သဘောလည်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှ ဖွဲ့စည်းဖြစ်ပေါ်လာမည့် အစိုးရအဖွဲ့ကို လိုလားကြောင်း ပြသရာလည်းရောက်၏။

ထို့ပြင် ပြည်သူတစ်ရပ်လုံးက NLD တို့ အသေကိုင်စွဲထားသော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတော့ကြောင်း ဖော်ထုတ်လိုက်ခြင်းလည်းဖြစ်၏။

Date Out နေပြီဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ပြည်သူ တို့က မြေမြှုပ်သင်္ဂြိုဟ်လိုက်သည့် သဘောပင်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးက ရဲရင့်ပြတ်သားစွာပင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထောက်ခံလိုက်ကြပြီ။

ပြည်သူတို့အနေဖြင့်-

- **မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူ**
- **လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူ**
- **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူ**
- **နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူ**
- **နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို မလိုလားသူ**

ဖြစ်ကြောင်း ပြသသည့်အနေဖြင့် ထောက်ခံမဲကို ပြတ်ပြတ်သားသား ပေးခဲ့ကြခြင်းဖြစ်ရာ ပြည်သူတို့၏ဆန္ဒကို လေးစားသည့်အတွက် ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြလိုက်ရပါသတည်း။ ။

ဒုတိယဝန်ကြီး ဦးကျော်သူအား WFP ကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဇွန် ၁

မြန်မာအစိုးရ၊အာဆီယံနှင့် ကုလသမဂ္ဂသုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းထားသည့် Tripartite Core Group (TCG) ၏ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ရန်ကုန်မြို့၌ ရောက်ရှိနေသော ရောမမြို့ အခြေစိုက် United Nations World Food Programme ၏ Executive Director, Ms. Josette Sheeran သည် မေ ၃၁ရက် နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် World Food Programme Country Director and Representative, Mr. Christopher Kaye တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် WFP Executive Director Ms. Josette Sheeran က မြန်မာနိုင်ငံ၌ မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ရခြင်းအတွက် အထူး ဝမ်းနည်းကြေကွဲပါကြောင်း၊ WFP ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြင့် ဖွဲ့စည်းထားပါကြောင်း၊ သဘာဝဘေး ဒဏ်ကိုခံစားရသည့် ပြည်သူများအားစားနပ်ရိက္ခာထောက်ပံ့ရန်WFPကိုညွှန်ကြားထားပါကြောင်း၊ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့နိုင်ရေးအတွက် WFP အနေဖြင့် ဒေသတွင်း ကျွမ်းကျင်သူများ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရဘက်ကလည်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် အဖွဲ့အစည်းများ ချမှတ်လုပ်ဆောင်နေခြင်းကိုအထူးဝမ်းမြောက်မိပါကြောင်း၊ WFPအနေဖြင့် ရေတို၊ရေရှည်ကာလ ကူညီထောက်ပံ့မှုအစီအစဉ်များချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း၌ မြန်မာနိုင်ငံပြည်သူများအပေါ် စာနာထောက်ထား ကူညီလိုမှု အပြည့်အဝ ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်သူက WFP Executive Director လာရောက်ခြင်းကို ကြိုဆိုပါကြောင်း၊ WFP၏ လေဘေးဒဏ်သင့် မြန်မာပြည်သူများအား ကူညီထောက်ပံ့မှုများအတွက် အထူးကျေးဇူးတင်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး ကိစ္စများ စနစ်တကျ ဆောင်ရွက်နိုင်ရန် မကြာခင်က အာဆီယံနှင့်ကုလသမဂ္ဂကကြီးမှူးကျင်းပသော ကတိကဝတ်ပြု ညီလာခံက ASEAN Task Force နှင့် Tripartite Core Group (TCG)တို့ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့်သက်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီများ၏ ကူညီထောက်ပံ့မှု၊ မိတ်ဆွေများ၏နားလည်ကူညီမှုတို့ကို အခြေခံ၍ လေဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့ရေး၊ ပြန်လည် ထူထောင်ရေးကိစ္စများကိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ သုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းထားသည့် Tripartite Core Group (TCG) ၏ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ရောမမြို့ အခြေစိုက် United Nations World Food Programme ၏ Executive Director, Ms. Josette Sheeran လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထောက်ပံ့ရေး ပစ္စည်းများ လေဆိပ်သို့ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်နှင့် ပြည်သူများ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအား ငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ မေ၃၁ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အဆိုပါ အလှူရှင်များမှာ ဗိုလ်မှူးချုပ်ကျော်တင့်(ငြိမ်း) Twenty One Brother နှင့်အဖွဲ့က ငွေကျပ် သုံးသိန်း၊ ဦးကျော်စိုးနှင့် ဒေါ်ရင်နွဲ့မိသားစု (လှိုင်မြို့နယ်)က ငွေကျပ် ငါးသိန်း၊ Myanmar DHL Co.,Ltd. က ငွေကျပ် ၁၁၃၀၀၀၀၊ ကိုလှသွင်(သုဝဏ္ဏ)က ငွေကျပ် ၁၅၀၀၀၊ ဦးမျိုးမင်းနှင့် ဒေါ်တိုးကြည်မိသားစု(တောင်ဥက္ကလာပမြို့နယ်)က ငွေကျပ် ငါးသောင်း၊ မြန်မာကောင်စစ်ဝန်ရုံး (Wanchai)မှ ကောက်ခံရရှိသော လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၀၅၄၂ ဒသမ ၃၀၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း/ရေ/လေ)ရုံး၊ ဆိုးလ်မြို့မှ စစ်သံမှူး ဗိုလ်မှူးကြီးစောနိုင်နှင့် စစ်သံရုံးမိသားစုဝင်များက အမေရိကန်ဒေါ်လာ တစ်ထောင်နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း/ရေ/လေ)ရုံး၊ နယူးဒေလီမြို့မှ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် စစ်သံရုံးမိသားစုဝင်များက အမေရိကန်ဒေါ်လာ ၅၀၀ တို့ ဖြစ်သည်။

မေ၃၁ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၉၉၅၀၀၀နှင့် အမေရိကန် ဒေါ်လာ ၃၂၀၄၂ဒသမ၃၀တို့ဖြစ်ကြောင်း သတင်းရရှိသည် (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)ထွက်ပါပြီ

ရန်ကုန် ဇွန် ၁

ပြိဿရာသီကဆုန်လ၏စကားပန်းရနံ့များနှင့်အတူ ကျေးလက်နေတောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာဖော်ပြပေးနေသောဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁)အား ၂၀၀၈ ခုနှစ် ဇွန်လ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးစပါးကြဲခင်းအထွက်တိုးရန် နည်းပညာ၊ဒီရေလွှမ်းခံလယ်ယာခွင်ပြန်လည်ပြုပြင်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးကို နိုင်ငံတော်က ဥပဒေဖြင့်အကာအကွယ်ပေးထား၊ကမ္ဘာ့ဈေးကွက်ဝင် ရဲယိုကိုစိုက်ပျိုးခြင်းဖြင့် တစ်ဧက တစ်နှစ်ဝင်ငွေ ကျပ်သိန်းရာကျော်ရရှိနိုင် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ဆရာကြီး ဒဂုန်ဦးစန်းငွေ၏ နွား၊ နွားရောဂါ ဆေးစွမ်းများ၊ မွေးစကျွဲနွားငယ်လေးများအား နို့ဦးရည်တိုက်ကျွေးခြင်း၊ ဝယ်သူအကြိုက်ဖြစ်စေရန် ဆိတ်ကိုစနစ်တကျမွေးမြူရန်လိုအပ်စသည့်မွေးမြူရေးဆောင်းပါးများ၊ဆားစွမ်းအားပေး၍ ဆေးကုခြင်း၊ ဦးဦးအတွက်ဆေးတစ်ခွက်၊ကျေးလက်ပြည်သူများ ရေကောင်းရေသန့်ကို လွယ်ကူစွာ ရနိုင်မည်၊ မိုးဦးကျရာသီတွင် အဖြစ်များသော ရောဂါသတိပြုပါစသည့် ကျန်းမာရေးဆောင်းပါးများ၊ နာဂစ်အလွန် နိုင်ငံတော်အစိုးရ၏ စေတနာ၊ အမှိုက်ကငွေဖြစ်သည့် ဂျုံရိုးဦးထုပ်လုပ်ငန်း၊ ပုံပြင်၏တန်ဖိုး၊ ချမ်းသာတဲ့လူ အစစ်ဟာ ဝေမျှနိုင်တဲ့သူပဲ စသည့် အသိပညာပေးသုတဆောင်းပါးများနှင့်ပုံပြင်၊ဟာသ၊ကာတွန်း၊ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ရသ စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့်ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကိုအမှတ်-၂၂၈၊သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

(သတင်းစဉ်)

သောက်ရေ တစ်နေ့နှစ်ကြိမ် လိုက်လံပေးဝေ

ဘိုကလေးမြို့တွင် Htoo Trading Co, Ltd. နှင့် Air Bagan Co., Ltd. တို့မှ ဝန်ထမ်းများက သောက်ရေများကို ကားသုံးစီးဖြင့် တစ်နေ့လျှင် နှစ်ကြိမ်လိုက်လံပေးဝေစဉ်။

(ကြေးမုံ)

ရန်ကုန်တိုင်း လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ်တွင် မေ ၃၁ ရက်က ကျောင်းဖွင့်အမီ ခြင်ဆေးပက်ဖျန်းခြင်း ဆောင်ရွက်စဉ်။ (ပညာရေး)

* ရှေ့ဖုံးမှ
Man Fut Tong Welfare Society မှ ဒါယကာများက မြန်မာနိုင်ငံရှိ လေဘေးသင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာ၊ ရေသန့်၊ အဝတ်အထည်၊ ဆေးဝါး၊ စောင်၊ ခြင်ထောင်၊ စာရေးကိရိယာ၊ ချိုင်းထောက်၊ Wheel Chair ပစ္စည်းများ အပါအဝင် ကယ်ဆယ်ရေးပစ္စည်း ၁၇ ဒသမ ၆ တန် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်တင်ငွေ၊ အတွင်းရေးမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းတို့ထံ စင်ကာပူသမ္မတနိုင်ငံမှ အလှူရှင် ဆရာတော် Rev. Chen Tuen ဦးဆောင်သည့် Man Fut Tong Welfare Society မှ ဒါယကာများက လှူဒါန်းသည့်ကယ်ဆယ်ရေးပစ္စည်း ၁၇ ဒသမ ၆ တန်ကို KJS International Co., မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ခင်က အဖွဲ့အစည်းကိုယ်စားပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်း မိုင်တိုင်အမှတ် (၇) အနီးသို့ ရောက်ရှိကြပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက လှိုင်သာယာ ထန်းတပင် လျှပ်စစ်ဓာတ်အားပေးလမ်းတစ်လျှောက်၌ (၁၁) ကေဗွီ ဓာတ်ကြိုးများ သွယ်တန်းခြင်း၊ ကျိုးကျနေသော ဓာတ်တိုင်များအား ဖယ်ရှားရှင်းလင်းပြီး ဓာတ်တိုင်သစ်များ အစားထိုးစိုက်ထူခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လှိုင်သာယာမြို့နယ် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိကြပြီး ရှင်းလင်းခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် စနစ်ပုံဖြင့် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ၏ လက်ခံနိုင်မှုစွမ်းအား၊ မြောင်းတကာ လျှပ်စစ်ဓာတ်အားခွဲရုံမှ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်မှု၊ ၎င်းမှ ဘုရင့်နောင်ဓာတ်အားခွဲရုံနှင့် အသုတ်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြည်လမ်း ပြည်သူ့လွှတ်တော်ဝင်းအတွင်း၌ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက ပြိုလဲသွားသောသစ်ပင်များအား အပြီးသတ်ခုတ်ထွင်ရှင်းလင်းနေမှုနှင့် ပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲသစ်ပင်များအား ပြန်လည်တည့်မတ် စိုက်ပျိုးထားမှုအားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နယ်မြေရှိ စစ်ကိုင်းလမ်း၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက ပြိုလဲသွားသော သစ်ပင်များအား အပြီးသတ်ခုတ် ထွင်ရှင်းလင်းနေမှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် ကမ္ဘာ့ဇရိပ်သာလမ်းသို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ဘာ့ဇရိပ်သာလမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက စုပုံနေသည့် အမှိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား အပြီးသတ်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရန်ကင်းမြို့နယ် သုခဝတီလမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စုပုံနေသည့် အမှိုက်များနှင့် သစ်ကိုင်းသစ်ခက်များအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှု၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်လမ်းတစ်လျှောက်၌ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ တပ်မတော်သားများနှင့် Asia World Co;Ltd မှ ဝန်ထမ်းများက ပြန်လည်ရှင်သန်နိုင်သည့် သစ်မြစ်ငုတ်များအားချန်ထားပြီး ပြိုလဲသစ်ပင်များ၊ သစ်ပင်အမြစ်ဆုံများအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

တက်ရောက် အားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံမှ ဆရာတော် Rev. Chen Tuen ဦးဆောင်သည့် Man Fut Tong Welfare Society မှ ဒါယကာများက မြန်မာနိုင်ငံရှိ လေဘေးသင့် ပြည်သူများအတွက် စားသောက်ကုန်၊ အဝတ်အထည်များ၊ ဆေးဝါး ပစ္စည်းများအပါအဝင် ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ ကျန်းမာရေးသုံးပစ္စည်းများ၊ မိုးကာအကျီများ၊ ပလတ်စတစ်စများ၊ အသက်ကယ်လှေ သုံးစင်း၊ စောင်များ၊ ရေသန့်စက် နှစ်လုံး၊ ရေဘူးခွံများ၊ ရေသန့်ဆေးပြားများ စုစုပေါင်း ၅၀ ဒသမ ၄၇၆ တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် ယနေ့နံနက် ၈ နာရီ ၅၄ မိနစ်၊ နံနက် ၉ နာရီ ၄၈ မိနစ်၊ နံနက် ၁၁ နာရီ ၁၄ မိနစ်၊ မွန်းလွဲ ၁၂ နာရီ ၆ မိနစ်နှင့် မွန်းလွဲ ၁ နာရီ ၃၈ မိနစ်တို့တွင် လည်းကောင်း၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော မိသားစုသုံးကျန်းမာရေးပစ္စည်းများ၊ ရေဘူးခွံများ၊ ရေသန့်ဆေးပြားများ စုစုပေါင်း ၁၃ ဒသမ ၈၉ တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၉ နာရီ ၃၉ မိနစ်တွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အဝတ်အထည်များ၊ ရေသန့်ဘူးများ စုစုပေါင်း ၂ ဒသမ ၅ တန်သည် Y.7-100C လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၃၇မိနစ်တွင်လည်းကောင်း၊ တရုတ် (တိုင်ပေ)ရှိ ဖွာကူဆန် သာသနာပြု ဘုန်းတော်ကြီးကျောင်းနှင့် TOMOKO ကုမ္ပဏီမှ လှူဒါန်းသော ရေသန့်စက် ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများ ၀ ဒသမ ၄ တန်သည် AE-837 လေယာဉ်ဖြင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Relief Supplies Co., Ltd မှ လှူဒါန်းသော တာပေါ်လင်များ ၃၇ ဒသမ ၉၉၅ တန်သည် DC-8 လေယာဉ်ဖြင့် နံနက် ၁၁ နာရီ ၃၇ မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဗန်ကောက် လေကြောင်းလိုင်းမှ လှူဒါန်းသော ဆန် ၁၈၃ ထုပ် (၀ ဒသမ ၇၄) တန်သည် TG-701 လေယာဉ်ဖြင့် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)မှ လှူဒါန်းသော ရေသန့်စက်သုံးလုံး၊ စောင်များ၊ပလတ်စတစ်စများ၊ တွန်းလှည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကားနှစ်စီး၊ ညဝတ် ဂျာကင်များ၊ ရဟတ်ယာဉ်သုံး ပစ္စည်းများ၊ ခြင်ထောင်များ စုစုပေါင်း ၅၄ ဒသမ ၁၈၈ တန်သည် AN-12 လေယာဉ်တစ်စင်းနှင့် IL-76 လေယာဉ်နှစ်စင်းတို့ဖြင့် မွန်းလွဲ ၁ နာရီ ၅၈ မိနစ်၊ မွန်းလွဲ ၂ နာရီ ၂၇ မိနစ်နှင့် ညနေ ၅ နာရီ ၄၅ မိနစ်တို့တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Relief Supplies Co., Ltd မှ ပလတ်စတစ်စများ စုစုပေါင်း ၃၇ ဒသမ ၈၉ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံမှ လှူဒါန်းသော စောင်များ ၂၉ ဒသမ ၄၀၆ တန်သည် A-310 လေယာဉ်ဖြင့် မွန်းလွဲ ၂ နာရီ ၅၃ မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Relief Supplies Co; Ltd မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဒုက္ခရောက်တဲ့သူတွေကို မေတ္တာစစ်စစ်၊ ကရုဏာစစ်စစ်နဲ့ ပေးဝေလှူဒါန်းမှုဖြစ်သင့် အားလပ်ရက် အပျော်ခရီးထွက်တာမျိုး မဖြစ်သင့်

❀ **ကျော်ဖုံးမှ**

အဲဒီ ဓမ္မသဘင်ပွဲတွေမှာ ဆရာတော် သိန်း ၁၂၀၀ ကျော်နဲ့ ပစ္စည်းတွေ ၁၀ဘီးကား ၁၀စီးစာ လောက်ရခဲ့တယ်။ အဲဒီပစ္စည်းတွေကို သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေထံ အကူအညီတောင်းပြီး သယ်ယူခဲ့တာ မေ ၂၂ရက်မှာ ကွမ်းခြံကုန်းမြို့သို့ ရောက်ခဲ့တယ်။ ကွမ်းခြံကုန်းမြို့မှာ ငွေကျပ် ၄၃သိန်း လောက် တန်ဖိုးရှိတဲ့ ကုန်ပစ္စည်းမျိုးစုံ ကားခြောက်စီးခန့်လှူခဲ့ပါတယ်"ဟု မိန့်ကြားသည်။

လေဘေးသင့်ခံရသူများအား ပေးဝေလှူဒါန်းလိုသည့်ဆန္ဒ ကြီးမားသော ဆရာတော်၏ဆောင်ရွက်မှုမှာ အားကျစရာ ကောင်းသည်။ ငွေကြေးနှင့်ပစ္စည်းများရရန် ကြိုးစားခဲ့မှု၊ ပစ္စည်းများကို အပင်ပန်းခံကာ သယ်ယူခဲ့မှုများမှာ သာမန်စိတ်ဆန္ဒဖြင့် လုပ်ဆောင်ရန်မလွယ်ပေ။

ဆက်လက်ပြီး ဆရာတော်က **"ဒီမှာရှိတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ဝန်ထမ်းတွေရဲ့ အကူအညီကိုယူပြီး ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ သံဒိတ်၊ ကျုံဒါးစတဲ့နေရာတွေအထိ ကိုယ်တိုင်သွားပြီး အစားအစာ၊ အဝတ်အထည် ပစ္စည်းတွေ လှူခဲ့ပါတယ်။ မေ ၂၈ရက်အထိ ဆန်အိတ်ပေါင်း ၂၀၀၀ ကျော်၊ အဝတ်အထည်နှစ်သိန်းခန့်ကိုလည်း လေဘေးသင့်ခံရသူတွေ အတွက် လှူဒါန်းခဲ့တာ သက်ဆိုင်သူတွေကို မေးကြည့်တဲ့အခါ အားလုံး လေဘေးသင့်ခံရသူတွေလက်ထဲ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရပါ တယ်"** ဟု ဆရာတော်က မိန့်ကြားသည်။

ဆရာတော်၏ ပစ္စည်းများ ပေးဝေလှူဒါန်းမှု နားထောင်ရသည်မှာ အချို့ပစ္စည်းများ ကိုယ်တိုင် ပေးဝေလှူဒါန်း သလို ပစ္စည်းအတော်များများ ကို သက်ဆိုင်ရာတာဝန်ရှိသူများ၏ အားကိုယူကာ စနစ်တကျ လှူဒါန်းနေ မှုကို သတိပြုမိလေသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နှင့် အနီးဝန်းကျင်နေရာများအား ပစ္စည်းများ လှူဒါန်းမှုနှင့် ပတ်သက်ပြီး ဆရာတော်က "လှူဒါန်းတာကတော့ လေဘေးသင့်ခံရတဲ့ သံဃာ၊ သီလရှင်၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားတွေ ကအစ အားလုံးလှူတာပါ။ ကွမ်းခြံကုန်းမြို့မှာ လူဦးရေ တစ်သိန်း သုံးသောင်းခန့်ရှိတယ်။ မြို့ပေါ်မှာ အိမ်ထောင်စု ၃၉၀၀၊ ကျေးလက်မှာ အိမ်ထောင်စု ၂၁၀၀၀ရှိတာမို့ စုစုပေါင်း အိမ်ထောင်စု ၂၅၀၀၀ခန့်ရှိ တယ်။ သူတို့ကို အခုအချိန်အထိ ဆန်ပြည်ပေါင်း နှစ်သိန်းခွဲ လှူပြီးပြီ။ ကျေးရွာတွေ အရောက်သွားပြီး လှူဒါန်းဖို့အတွက် ဒီဇယ်ဂါလန် ၅၀ဖိုးကို လည်း ပေးခဲ့တယ်။ ဒီလိုပစ္စည်းတွေကို ကျေးရွာတွေအထိ ပို့ဆောင်ပေးမယ့် လုပ်အားပေးရဲဘော်တွေအတွက် ၁၀သိန်းပေးလှူခဲ့ပါတယ်။ လှူဒါန်းတဲ့ အခါမှာလဲ ကွမ်းခြံကုန်းမြို့နယ်မှာ ကျန်းမာရေးအတွက် ငါးသိန်း၊ ပညာရေးအတွက် ငါးသိန်း၊ ဘုရားကြီးအတွက် ငွေကျပ် ၁၀သိန်း လှူဒါန်း ခဲ့ပါတယ်"ဟု မိန့်ကြားသည်။

ဆရာတော် ဦးကောသလ္လ၏ လေဘေးသင့်ခံရသူများကို လှူဒါန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တပ်မတော်သားတို့၏ အကူအညီကိုယူကာ ဆရာဒကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စနစ်တကျ လှူဒါန်းနေမှုကိုလည်း နာယူမှတ်သားရသည်။

ပစ္စည်းများ ပေးဝေလှူဒါန်းမှုနှင့် ပတ်သက်၍လည်း ဆရာတော်က ဆက်လက်မိန့်ကြားသည်မှာ "ဒေးဒရဲနဲ့ ဖျာပုံမြို့နယ်မှာ ပစ္စည်းတွေ ကား သုံးစီးတိုက်၊ ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နဲ့ လပွတ္တာမြို့နယ် တွေစတဲ့ ဧရာဝတီတိုင်းအတွင်းမှာ အခုအချိန်အထိ လှူဒါန်းခဲ့တာ သိန်း တစ်သောင်းကျော်ဖိုးရှိနေပြီ။ ကွမ်းခြံကုန်းမြို့မှာ ဆန်အိတ် ၁၀၀၀ကျော် အခု လှူဒါန်းနေတယ်။ လှူဒါန်းတဲ့အခါမှာလည်း တစ်ယူနစ်လို့ သတ်မှတ် ရမယ့် မုန့်ခြောက်၊ ခေါက်ဆွဲခြောက်၊ တဘက်၊ ဖိနပ်၊ ငါးပိကြော်၊ ဆန်၊ အဝတ်အထည်စတဲ့ ပစ္စည်းရှစ်မျိုးပါရှိတဲ့ ယူနစ်ပေါင်း နှစ်သောင်းကျော် ဆရာတော် ယူလာခဲ့တယ်။ ဆန်ကတော့ တစ်ယူနစ်မှ တစ်ပြည်နှုန်းဆို တော့ ဆန်တစ်ပြည် လူ၁၀ဦးသတ်မှတ်ရင် လူဦးရေ နှစ်သိန်းခန့် (မိသားစု နှစ်သောင်း) စားလောက်အောင် လှူဒါန်းနေပါတယ်။ ဆရာတော်အနေနဲ့ ရန်ကုန်မှာရှိတဲ့ ရွှေပေါက်ကံ၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့တွေမှာလည်း လှူဒါန်းခဲ့ပြီးပါပြီ" ဟု မိန့်ကြားသည်။ ဆရာတော်၏ ပြောစကားများကို ရုပ်မြင်သံကြားအစီအစဉ်၌ ကြည့်ရှုနားထောင်ရသည်မှာ ရှင်းလင်းပြီး တိကျကာ နားလည်လွယ်အောင် မိန့်ကြားတတ်သည်ကိုလည်း သတိပြုမိ သည်။

ထောက်ပံ့ရေးပစ္စည်းများ ပေးဝေလှူဒါန်းနေမှုကို လက်ခံရယူနေ သည့် လေဘေးသင့်ခံရသူများအနေဖြင့် ထားရှိရမည့် စိတ်နေသဘောထား ကိုလည်း **"လေဘေးသင့်သူတွေကို စာနာထောက်ထားပြီး လှူဒါန်းနေပေ မယ့် ချက်ချင်းပစ္စည်းတွေ မရောက်လာလို့ သူတို့တွေ ဒေါသဖြစ်ကြတယ်။ ဒါဟာ ပစ္စည်းရလိုမှုအပေါ် လောဘရှိနေလို့ ဒေါသဖြစ်တာ၊ လောဘကို အမှီပြုပြီး ဒေါသဖြစ်တာပါ။ အဲဒီဒေါသကြောင့် မောဟလည်း ဖြစ်လာ တာပါပဲ။ လောဘအားကြီးရင် မီးဘေးဒဏ်ခံရတတ်တယ်။ ဒေါသအား ကြီးရင် ရေဘေးသင့်တတ်တယ်။ မောဟကြီးရင် လေဘေးသင့်တတ်တယ်။ အဲဒီ တော့ လောဘကို နှိမ်နင်းနိုင်အောင် ပေးကမ်းမှုတွေ ပြုလုပ်ရမယ်။ ဒေါသ ကို နှိမ်နင်းဖို့အတွက် ကိုယ်ကျင့်တရား(သီလ) ကောင်းရမယ်။ မောဟကို နှိမ်နင်းချင်ရင်တော့ တရားအကျင့် ကျင့်ရမယ်"** ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ဆရာတော်အနေဖြင့် လေဘေးသင့်ခံရသူများအတွက် ပေးဝေလှူ ဒါန်း နိုင်ရန် ကြယ်ခေါင်၊ မူဆယ်၊ ရွှေလီအထိ သွားရောက်ကာ အလှူခံရ ကြောင်း၊ နေရာဒေသ ဝေးဝေးလံလံ သွားရောက်အလှူခံခဲ့သဖြင့် ငွေကြေး ပစ္စည်းများ သန့်သန့်ရှင်းရှင်း ရရှိခဲ့ကြောင်း၊ ထို့ကြောင့် စားသုံးသည့် လေဘေးသင့်ခံရသော ပြည်သူများအနေဖြင့် လှူဒါန်းလိုက်သည့် ပြည်သူ များအား မေတ္တာပို့ပြီး စားသုံးလျှင် တန်ဖိုးရှိကြောင်းလည်း မိန့်ကြားသည်။

ယခု လှူဒါန်းပေးဝေနေသည့် သူများအပေါ် ဆရာတော်၏ အမြင် ကို မိန့်ကြားရာတွင်လည်း **"တချို့လှူဒါန်းတဲ့ သူတွေက ဒီလိုပေးကမ်း ရတာ ပျော်တယ်ဆိုရင်တော့ မကောင်းဘူး။ ဒုက္ခရောက်တဲ့ သူတွေကို မေတ္တာစစ်စစ်၊ ကရုဏာစစ်စစ်နဲ့ ပေးဝေလှူဒါန်းမှုဖြစ်သင့်တယ်။ အပျော် အကုသိုလ် ဖြစ်အောင် မလုပ်သင့်ဘူး။ နောက်ပြီး အားလပ်ရက်အပျော်ခရီး ထွက်တာမျိုးလည်း မဖြစ်သင့်ဘူး။ ဆရာတော်က အခုပျော်လို့ လာလုပ် နေတာ မဟုတ်ဘူး။ ဒုက္ခကိုယ်စီရှိနေကြတဲ့ လူသားချင်းဖြစ်တာမို့ ကိုယ်ချင်းစာတရားနဲ့ လာလုပ်နေတာပါ။ တချို့က ကားပေါ်မှာတင်လာတဲ့ ပစ္စည်းက တစ်တန်လောက်ရှိတယ်။ ကျန်ပါလာတဲ့ ကားက ငါးစီးလောက် ရှိတယ်။ ကားပေါ်ကနေပြီး မုန့်တစ်ချပ် နှစ်ချပ်လောက် ပစ်ချတာကို လူ ၂၀၀လောက် ဝိုင်းလုကြတယ်။ မကြိုက်ဘူး။ ဒါကြောင့် ဆရာတော် အမှန်တိုင်း ပြောတာပါ။ အပျော်ကြီး တစ်ခုအနေနဲ့ မထွက်လာပါနဲ့။** နောက်ပြီး သာသနာ့အလံ ထောင်ထားတဲ့ ကားတစ်စီးက မောင်းရင်းမုန့် တွေ ပစ်ချသွားတယ်။ လူတွေဝိုင်းလုကြတယ်။ ဒီတော့ အဲဒီကားကို ရဲတပ်ဖွဲ့ကတားတယ်။ ဒီလိုမလုပ်ပါနဲ့လို့။ ဒါပေမယ့် အဲဒီကားမှာပါလာတဲ့ ဆရာတော်တစ်ပါးက ပြည်သူတွေကို ပစ္စည်းတွေ ငါတို့ပေးချင်တယ်။ ဒါပေမယ့် ရဲကတားတယ်လို့ ပြောတယ်။ အဲဒီတော့ ပြည်သူနဲ့ ရဲတွေ ထိပ်တိုက်တွေ့တာပေါ့။ စကားတွေ ထွက်လာတယ်။ ပေးလိုက်တဲ့ပစ္စည်း တွေကို ရဲကတားတယ်။ စစ်တပ်က တားတယ်။ ဒါအမှန်မဟုတ်ဘူး။ ပေးတာစနစ်မကျလို့ စနစ်ကျအောင်ပြောတာ။ အခု ဆရာတော်ပြောတာ တွေဟာ ဘယ်ဗိုလ်ချုပ်ကမှ ပြောခိုင်းတာ မဟုတ်သလို ဘယ်အစိုးရကမှ ပြောခိုင်းတာလဲ မဟုတ်ဘူး။ ကိုယ်တိုင်မြင်လို့ပြောတာ။ အဲဒီလိုသတင်း မျိုးတွေ မီဒီယာတွေ ဆီရောက်ပြီး အသံတွေ ထွက်လာတာပေါ့" ဟု ဆရာတော်က မိန့်ကြားသည်။

ဆရာတော်၏ ပြောစကားများကို ရုပ်မြင်သံကြားအစီအစဉ်၌ ကြည့် ရှုနားထောင်ရင်း အပိုအလိုမရှိ မိန့်ကြားသည့် ဆရာတော်၏စကားများကို ရှင်းရှင်းပြတ်ပြတ် နားထောင်ရသည်မှာ သို့လော သို့လော ဖြစ်နေမှု၊ ကြားနေရမှုများကို တစ်ခါတည်း သံသယကင်းသွားနိုင်အောင် ထိထိမိမိ ရှိလေသည်။ ဆရာတော်က ဆက်လက်မိန့်ကြားသည်မှာ **"ဦးကောသလ္လက တော့ ပစ္စည်းတွေပေးဝေမှုမှာ သက်ဆိုင်ရာကို အကူအညီယူတယ်။ သူတို့ ကူညီကြတယ်။ ဆရာတော်နဲ့ တွေ့ရတဲ့ ရဲတွေ၊ တပ်မတော်သားတွေဟာ အလုပ်လုပ်ကြတယ်။ တစ်ဦးချင်းကိုမသိပေမယ့် သူတို့တွေ အလုပ်လုပ်ကြ ပါတယ်။ ဒါကြောင့် တိတိကျကျ သတင်းတွေမသိဘဲ မပြောကြပါနဲ့။ ပြည်သူတွေ တကယ်ဆင်းလာကြည့်ပါ။ နားစွန်နားဖျားနဲ့ မလုပ်ပါနဲ့။ တိုင်းပြည် တကယ်အရေးဒုက္ခတွေ့နေချိန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ လျှော့ပြီး ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်"** ဟု ဆရာတော် ဦးကောသလ္လက မြဝတီရုပ်မြင်သံကြား တွေ့ဆုံခန်း၌ မိန့်ကြားသွားသည် ကို နာယူမှတ်သားခဲ့ရပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ဝန်ကြီး ဦးညဏ်ဝင်း အီတလီနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂

၂၀၀၈ခုနှစ် ဇွန်လ ၂ရက်နေ့တွင်ကျရောက်သော အီတလီသမ္မတ နိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံမှ အီတလီ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖရန်ကို ဖရက်တီနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှု စစ်ဆေးစဉ်။ (စွမ်းအင်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတက်ရောက်

ရန်ကုန် ဇွန် ၁

ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မေ ၃၁ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသော မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ ကျောင်းသုံး စာရေးကိရိယာပစ္စည်းများပေးအပ်ပြီး ကျောင်းအဆောက်အအုံပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုစစ် ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ ကျောင်းသားများကျောင်းဖွင့်ချိန် အဆင်ပြေစွာ တက်ရောက်ပညာသင်ကြားနိုင်ရေး အတွက် ကျောင်း အဆောက်အအုံ များ ပြင်ဆင်မှုနှင့် ကျောင်းသားအင်အားဖြန့် ခွဲပြောင်းရွှေ့သင်ကြားမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် လေဘေးကြောင့် ပြိုကျပျက်စီးခဲ့သော ကွမ်းခြံကုန်းမြို့ ထန်းပင်ကုန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ ရွက်ဖျင်တဲဖြင့် ယာယီအစားထိုး တည်ဆောက်ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၆-၂၀၀၈ (တနင်္လာနေ့)

၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော်၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	အကပဒေသာ
၄း၃၅	၃။	နားဝင်ပီယံသူ့လက်သံ
၄း၄၅	၄။	မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅	၆။	**"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** **(အကယ်ဒမီ - ဇင်ဝိုင်း၊ အကယ်ဒမီ - မို့မို့မြင့်အောင်၊ အကယ်ဒမီ- မင်းမော်ကွန်း) (ဒါရိုက်တာ- ဝင်းထွန်းထွန်း)**
၅း၃၀	၇။	တေးဂီတအစီအစဉ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၁၀	၉။	မိုးလေဝသအခြေအနေ
၆း၁၅	၁၀။	အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၅	၁၁။	နှောင်းခေတ်တေးပဒေသာ
၇း၂၅	၁၂။	နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**မြန်မာရုပ်ရှင် "ကောင်းကင်ထက်က ပန်းတစ်ပွင့်" (အပိုင်း-၁) (လူမင်း၊ ထက်ထက်မိုးဦး၊ လှအဥ္ဇလီတင့်) (ဒါရိုက်တာ-ညွန့်မြန်မာ- ညီညီအောင်)**
	၁၇။	အစီအစဉ်ပြီး၏။

လေဘေးသင့်၍ ကွယ်လွန်သွားသော သဘင်အစည်းအရုံးဝင်များ ငွေနှင့်ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲ ဘိုကလေးမြို့၌ကျင်းပ

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က လေဘေးသင့်၍ ကွယ်လွန်သွားသော သဘင်အစည်းအရုံးဝင် ၁၁ဦး၏ ကျန်ရစ်သူမိသားစု များ၊ ဒဏ်ရာရသူသဘင်အစည်းအရုံးဝင် တစ်ဦးနှင့် ချို့တဲ့နွမ်းပါးသော သဘင်အစည်းအရုံးဝင် ၁၃၆ဦးတို့အား ငွေကြေးနှင့်စောင်များ၊ အဝတ် အထည်များ ပေးအပ်လှူဒါန်းပွဲကို မေ ၃၀ရက်က ဘိုကလေးမြို့ ဒုတိယလမ်းမရှိ ဓမ္မာရုံကြီး၌ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွန့်၊ သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရဲဒွေးနှင့် စာရင်းစစ် ဦးမိုးမင်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ သဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးစိန်မာဒင်က ကွယ်လွန်သွားသော သဘင်အစည်းအရုံးဝင် ၁၁ဦး၏ ကျန်ရစ်သူမိသားစု များအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှင့် ဒဏ်ရာရသူ တစ်ဦးအားငွေကျပ် ၁၀၀၀၀ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးရဲဒွေးက ချို့တဲ့ သော သဘင်အစည်းအရုံးဝင် ၁၃၆ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပေးအပ်လှူဒါန်းပြီး စာရင်းစစ်ဦးမိုးမင်းက စောင်များနှင့် အဝတ် အထည်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(သဘင်အစည်းအရုံး)

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစို့။

အာရှ အသက်(၁၄)နှစ်အောက် ဘောလုံးပွဲတော် မြန်မာလူငယ်အသင်း ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁

မလေးရှားနိုင်ငံတွင် ကျင်းပမည့် အာရှလူငယ်အသက်(၁၄)နှစ်အောက် ဘောလုံးပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အသက်(၁၄)နှစ် အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် မေ ၃၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အောက်ပုံ)**

မြန်မာလူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးအောင်ထွန်းထွန်း၊ အားကစားသမားများအဖြစ် ဂိုးသမားကျော်ဇင်ဖြိုး၊ ခင်ဇော်သက်၊ နောက်တန်း-ရဲနိုင်ထွန်း၊ ရာဇာမျိုး၊ စိုးမိုးနိုင်၊ သိန်းဇော်၊ ဟန်ဝင်းထွန်း၊ အောင်ကိုကိုပိုင်၊ နိုင်ကိုလင်း၊ မင်းကျော်ခန့်၊ အလယ်တန်း-သီဟအောင်၊ ဟိန်းမောင်ဇော်၊ ဖြိုးမောင်မောင်ချစ်၊ အောင်ပိုင်စိုး၊ ကောင်းဆက်နိုင်၊ ရဲဝင်းနိုင်၊ အောင်မျိုးနိုင်၊ အောင်စည်သူ၊ ရှေ့တန်း - အာကာမင်း၊ လှိုင်ဘွား၊ ကျော်သူရိန်နှင့် ဇော်ဝင်းထွန်းတို့လိုက်ပါသွားကြသည်။ နည်းပြ ဦးကျော်လွင်မှာ နည်းပြချုပ်များ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် မေ ၂၈ ရက်က ကြိုတင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှ ဦးချမ်းသာ-ဒေါ်ဥမ္မာမြင့်နှင့် ဝန်ထမ်းများက Canon ကုမ္ပဏီနှင့် ပူးပေါင်း၍ မေ ၂၂ ရက်တွင် ဘိုကလေးမြို့ရှိ လေဘေးသင့် သံဃာတော်များနှင့် ပြည်သူများအတွက် သောက်ရေသန့်ဘူးများ၊ ဒံပေါက်ဆွမ်းများ၊ အင်္ကျီများ၊ လုံချည်များ၊ ကလေးအဝတ်အထည်များ၊ ခြင်ထောင်များ၊ ခြင်ဆေးဘူးများ၊ ကြာဆံထုပ်၊ ခေါက်ဆွဲထုပ်များ၊ ပစ္စည်းအသုံးအဆောင်များအား ကုမ္ပဏီတာဝန်ရှိ ပုဂ္ဂိုလ်များက ဆရာတော်များနှင့် ပြည်သူများကို ဆက်ကပ်လှူဒါန်း ဝေငှစဉ်။ (က-ပ)

မုတ်သုံလေအား အသင့်အတင့်ရှိမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းအထက်ပိုင်းတွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ကာ ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရွှေကျင်မြို့တွင် ၃ဒသမ၄၃လက်မ၊ ဗန်းမော်မြို့တွင် ၁ဒသမ၄၂လက်မ၊ သထုံမြို့တွင် ၁ဒသမ၃၀လက်မ၊ မိတ္ထီလာမြို့တွင် ၁ဒသမ၈၇လက်မနှင့် ခန္တီးမြို့တွင် ၀ဒသမ၇၅လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဇွန် ၂ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ **မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၃ဒသမ၂ ဒီဂရီစင်တီဂရိတ်	
(၉၂ ဒီဂရီဖာရင်ဟိုက်)		၃၁-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၃ဒသမ၅ ဒီဂရီစင်တီဂရိတ်	
(၇၄ ဒီဂရီဖာရင်ဟိုက်)		၁-၆-၂၀၀၈
၀၉း၃၀နာရီအချိန် စိုထိုင်းဆ	၈၂ ရာခိုင်နှုန်း	၁-၆-၂၀၀၈
နေပူသည့်နာရီပေါင်း	၂ဒသမ၆ နာရီခန့်	၃၁-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၆-၂၀၀၈	မရှိပါ	၂မမ(၀ဒသမ၀၈လက်မ)	၂မမ(၀ဒသမ၀၈ လက်မ)
၁-၁-၂၀၀၈မှ ယနေ့ထိ	၇၃၈မမ(၂၉. ၀၆လက်မ)	၈၆၄မမ (၃၄. ၀၂လက်မ)	၁၀၄၆ မမ (၄၁. ၁၈လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံး လေတိုက်နှုန်းမှာ ၁-၆-၂၀၀၈ ရက် ၆း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၄မိုင်နှုန်းတိုက်ခတ်သည်။

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- ❖ မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှော ရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- ❖ သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ❖ ရေသန့်ပင်ဖြစ်လင့်ကစား မသင်္ကာပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

အောင်ဘာလေထီဆုကြီးများ ထွက်ပေါ်

ရန်ကုန် ဇွန် ၁

(၂၃၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၅၀၀)

ဂ-၂၁၈၃၄၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဂ-၆၅၁၄၉၀
ဘ-၉၀၀၀၇၃

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဆ-၃၂၅၁၂၄
ခ-၇၇၈၅၁၃
ခ-၅၂၄၉၉၃
င-၃၃၁၉၁၉

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

မ-၁၅၄၃၃၄
ဍ-၂၀၈၇၉၅
ရ-၁၆၀၂၆၅
ပ-၆၉၅၃၂၃
ဟ-၄၂၄၃၇၆
က-၁၃၃၂၉၆
ယ-၅၀၁၄၇၇
လ-၆၀၂၂၀၉
မ-၁၁၇၈၈၄
ဂ-၃၅၉၇၆၁
စ-၅၅၃၉၁၀
ည-၁၄၈၈၀၁
ဆ-၉၃၁၂၄၉
သ-၁၄၁၁၃၈
င-၁၇၃၀၈၉

ကျပ်သိန်း(၁၀၀) (မင်္ဂလာစုံတွဲစနစ်)

န-၁၁၁၁၂၄
ဏ-၁၂၁၅၃၈
ဏ-၄၄၈၄၅၉
ပ-၅၇၅၇၈၃
ပ-၅၇၆၀၈၉
ဌ-၃၈၀၇၈၅
စ-၇၃၉၇၂၃
ဏ-၄၄၁၀၁၅
စ-၅၉၉၀၄၆
မ-၃၈၃၆၀၉
ဒ-၆၀၈၆၆၄
တ-၇၉၂၈၆၉
ဟ-၁၆၄၂၁၁
ဘ-၁၆၃၇၃၂
ဘ-၉၄၄၉၂၀
ဖ-၉၂၃၂၈၉
ဃ-၂၈၆၀၅၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ် (၂၁)ဖြန့်ချိ

ရန်ကုန် ဇွန် ၁

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၂၁)တွင် 'လေဘေးကူညီရေး တနင်္ဂနွေခရီး' အထူးသတင်းဆောင်းပါးနှင့်အတူ မုန်တိုင်းကြောင့်ပျက်စီးဆုံးရှုံးသွားသော ရေလုပ်ငန်းများကို မွေး/ရေဘဏ်က ကျပ်သိန်းနှစ်ထောင် ချေးငွေထုတ်ပေးမည်၊ ဆန်စျေးတည်ငြိမ်ရေး ဆောင်ရွက်နေ၊ မျိုးစပါးနှစ်သန်းကျော် ပြည်ပမှတင်သွင်းရန် အရေးပေါ်စီစဉ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်း၊ လေဘေးသင့် ဒေသများအတွက် ရွှေ့လျားဆေးရုံများအဖြစ် ပြည်တွင်းရေကြောင်းသင်္ဘောများကို အသုံးပြုလုပ်ဆောင်ပေးမည်၊ လေဘေးဒဏ်ခံ ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ဒီဇယ်ဆီ အကြွေးစနစ်ဖြင့်ရောင်းချပေး၊ ရန်ကုန်မြို့တွင်၊ မြို့နယ်များ ရေအခက်အခဲဖြေရှင်းနိုင်ရန် စက်ရေတွင်း ၁၂တွင်း တူးဖော်ပေးမည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပေးမည့် ခြင်ဆေးသနပ်ခါးတီထွင်၊ နာဂစ်ကြောင့် မိဘနှစ်ပါးဆုံး ရှုံးသွားသော ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်လက်ခံမည်၊ မုန်တိုင်းသင့် အိမ်ထောင်စုတစ်သောင်းအတွက် ဂျပန် NGO သုံးခုက ကူညီထောက်ပံ့မည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ခေတ်သစ်ကျွန်စနစ် ရှင်သန်ရာနေရာ၊ ပေးလှူကူညီကြပါ---စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ထိုးထွင်းသိမြင်နိုင်သည့် ဆင်ခြင်တုံတရားကသာ ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်တယ်' ပါလက်စတိုင်းလူမျိုး မနုဿဗေဒပညာရှင် လီလာ အဘူလပ်ဟိုဒ်နှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ လျှင်ကြောင့် မိဘမဲ့ဖြစ်ခဲ့ရသည့် ကလေးငယ်များ တရုတ်လက်ကမ်း၊ လျှင်ဒဏ်ကြောင့် တရုတ် ကလေးငယ် ၄၀၀၀ ကျော်ခန့် မိမဲ့ဖမဲ့ဖြစ်၊ ခင်ပွန်းသည် လက်ညှိုးကိုက်ဖြတ်သူ အမျိုးသမီးတစ်ဦး တရားစွဲခံရ၊ Viagra ထက်ကောင်းသည့် လိင်စိတ်ကြွဆေးသစ်တစ်မျိုးပေါ်လာပြီ၊ ကိုရီးယားအမျိုးသားများ ပလတ်စတစ်ဆာဂျရီလုပ်သူ ပိုမိုများပြားလာ၊ ဆန်တင်ပို့မှု လျှော့ချသွားမည်မဟုတ်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးပြောကြား၊ မိဘများ စာဖတ်ပြခြင်းသည် ကလေးငယ်များ ကျောင်းတက်ရန်အတွက် ပို၍ အဆင်သင့်ဖြစ် စသည့်နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

အစ္စရေးနှင့် ဂါဇာကမ်းမြောင်နယ်စပ်ရှိ ဆူဖာနယ်စပ်ဂိတ်အနီးတွင်မေ ၃၀ရက်က အစ္စရေးတပ်ဖွဲ့က ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ပါလက်စတိုင်းတစ်ဦးကို သယ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟားမတ်(စ်)ထောက်ခံသူ ၃၀၀၀ကျော်ကို အစ္စရေးတပ်ဖွဲ့က လက်နက်သုံး၍ ပစ်ခတ်ဟန့်တား

ဂါဇာ မေ ၃၁

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဝင်ရောက်သော အဓိကနယ်စပ်ဖြတ်ကျော် ဝင်ပေါက်တစ်ခုအနီး ချဉ်းကပ်လာကြသော ဟားမတ်စ်ထောက်ခံသူ ၃၀၀၀ကျော်ကို သောကြာနေ့က အစ္စရေးတပ်ဖွဲ့က သေနတ်များ၊ မျက်ရည်ယိုဗုံးများ ပစ်ခတ်၍ ဟန့်တားရာ အနည်းဆုံး ပါလက်စတိုင်းခြောက်ဦး ဒဏ်ရာရရှိကြောင်းမျက်မြင်များက ပြောကြားသည်။

ဒဏ်ရာရရှိသူများအနက် အနည်းဆုံးနှစ်ဦးမှာစိုးရိမ်ရသော အခြေအနေရှိကြောင်း ပါလက်စတိုင်းကျန်းမာရေးအလုပ်သမားများက ပြောကြားသည်။

ဟားမတ်(စ်) တာဝန်ရှိသူတစ်ဦးက ဆူဖာနယ်စပ်ဂိတ်ပေါက်အနီးကန့်ကွက်ဆန္ဒပြခြင်းသည် ကမ်းခြေဒေသတွင် အစ္စရေးတို့ ပိတ်ဆို့ထားခြင်းအား ချိုးဖျက်ရန် လှုပ်ရှားမှုအဆင့်မြင့်တင်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်းတို့အား သတိပေးသည့်အနေဖြင့် အဆိုပါဂိတ်တွင် "အသက်အန္တရာယ်" ရှိသည်ဟူသော ဆိုင်းဘုတ်များစိုက်ထူထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘီလာရုစ်တွင် အမေရိကန်ရှေ့နေအား မူးယစ်ဆေးဝါး ရောင်းဝယ်မှုဖြင့် စွဲချက်တင်

မင့်စ် မေ ၃၁

ဘီလာရုစ်နိုင်ငံမှ အာဏာပိုင်များက အမေရိကန် ရှေ့နေတစ်ဦးအား မူးယစ်ဆေးဝါးမှုဖြင့် စွဲချက်တင်ကြောင်း ကေဂျီဘီလုံခြုံရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

နယူးယောက် အခြေစိုက် ရုရှားရာဇဝတ်မှုရေးရာ အထူးကျွမ်းကျင်သူဖြစ်သည့် အီမန်နူရယ်ဇယ်ဆာအား မတ်လအတွင်းက ဖမ်းဆီးခဲ့ပြီး မှတ်တမ်းမှတ်ရာအတု အသုံးပြုမှုဖြင့် စွဲချက်တင်ခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံသား အီမန်နူရယ်ဇယ်ဆာအား မူးယစ်ဆေးဝါးတရားမဝင် မှောင်ခိုရောင်းဝယ်မှုများဖြင့် ကေဂျီဘီက စွဲချက်တင်ထားသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ကေဂျီဘီဟူသည့်အမည်သည်ဆိုဗီယက်ကာလမှ နာမည်ဖြစ်ပြီး ဘီလာရုစ်နိုင်ငံရှိ လုံခြုံရေးဌာနက ယင်းအမည်ကို ယခုထက်တိုင်အသုံးပြုနေသည်။

ဘီလာရုစ်နှင့်အမေရိကန်၏ဆက်ဆံရေးအခြေအနေသည်ဆိုးရွားလျက်ရှိစဉ် ဇယ်ဆာအားထိန်းသိမ်းထားခဲ့သည်။

ဇယ်ဆာ၏ရှေ့နေကမူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်စွဲချက်သည် အခြေအမြစ်မရှိဟုပြောကြားကာပယ်ချလိုက်သည်။ **အမ်အင်အေ၊ရိုက်တာ။**

အမေရိကန် ဒီအီးအေကိုယ်စားလှယ်အား ဗင်နီဇွဲလားက နယ်စပ်အနီးတွင် ဖမ်းဆီး

ကာရာကာ့စ် မေ ၃၁

ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန် မူးယစ်ဆေးဝါး ထောက်လှမ်းရေးတစ်ဦးဟုဆိုသောအမေရိကန်နိုင်ငံသားတစ်ဦးကိုဖမ်းဆီးထားကြောင်း ကြာသပတေးနေ့တွင်သတင်းထုတ်ပြန်သည်။

သမ္မတဟူဂိုချာဗက်ဇ်သည် ၂၀၀၅ ခုနှစ်က အမေရိကန် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့ (ဒီအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ရပ်ဆိုင်းခဲ့သည်။ ဒီအီးအေက ၎င်းအား စုံစမ်းထောက်လှမ်းခြင်းများ ပြုလုပ်သည်ဟု ချာဗက်ဇ်က စွပ်စွဲသည်။

ဗိုလ်ချုပ်ကြီး ဂါဗရီယယ်လ်အိုဗီယိုဒိုသည် အဆိုပါအမေရိကန်နိုင်ငံသားကို ကိုလံဘီယာနယ်စပ်အနီးတွင် ဖမ်းဆီးစဉ်သံသယဝင်စရာ အပြုအမူများ ပြုလုပ်နေကြောင်း၊ ကနေဒါနှင့် ပြင်သစ် နိုင်ငံကူးလက်မှတ်များနှင့် ဗင်နီဇွဲလားမှတ်ပုံတင်ကတ်တို့ကို ကိုင်ဆောင်ထားကြောင်း ပြောကြားသည်။

တာဝန်ရှိသူများက စစ်ကြောမေးမြန်းသောအခါ ဒီအီးအေ ကိုယ်စားလှယ်တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဗိုလ်ချုပ်ကြီးက နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်အာဖရိကတွင် မြစ်အတွင်း ဘတ်စ်ကားထိုးကျ ၂၄ဦး သေဆုံး

ဂျိုဟန်နက်စဘတ် မေ ၃၁

တောင်အာဖရိကနိုင်ငံ ကွာဇူလူနာတောပြည်နယ်တွင် ချောက်ကမ်းပါးပေါ်မှ မြစ်အတွင်းသို့ ဘတ်စ်ကားတစ်စီးထိုးကျမှုဖြစ်ပွားရာ အနည်းဆုံး ၂၄ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းဘတ်စ်ကားသည် မီတာ ၈၀ (၂၆၂ပေ)အမြင့်မှမြစ်အတွင်းသို့ထိုးကျခဲ့ကြောင်း၊ ခရီးသည် ၂၄ဦးသေဆုံးပြီး ၃၂ဦးဒဏ်ရာပြင်းထန်စွာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ငလျင်အကူအညီအတွက် ဘန်ကီမွန်းအား တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် ကျေးဇူးတင်

ယင်စီးယူ(စီချွမ်) မေ ၃၁

တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဘန်ကီမွန်းအား မြေငလျင် အကူအညီပေးရေးကို ကူညီဖော်ဆောင်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း စနေနေ့တွင် ပြောကြားခဲ့သည်။

အတွင်းရေးမှူးချုပ်သည် ငလျင်ဒဏ်ခံရသောစီချွမ်ပြည်နယ်မြို့တော် ချန်ဒူးသို့ စနေနေ့ နံနက်ပိုင်းက ရောက်ရှိလာပြီး ဝမ်ချောင်ရှိ ယင်စီးယူဒေသသို့ ချက်ချင်းသွားခဲ့သည်။

တရုတ်နိုင်ငံ၏ ငလျင်ကယ်ဆယ်ရေးလုပ်ငန်းများကို ဘန်ကီမွန်းအား ရှင်းလင်းပြောကြားပြီးနောက်ဝမ်ကျားပေါင်က ငလျင်ဒေသများသို့ ပစ္စည်းများ၊ ငွေကြေးရန်ပုံငွေများနှင့် ကယ်ဆယ်ရေးသမားများ ကမ်းလှမ်းကြသောနိုင်ငံတကာ အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ရှန် ဟိုင်း မြို့တွင် ပစ္စည်းများ တင် နေစဉ် တန် ၆၀၀ ရှိ ကရိန်း နှစ်ခု ကျိုး ကျ မှု ဖြစ်ပွားသည် ကို မေ၃၀ရက် ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယား၌ ရေလွှမ်းမိုးမှုကြောင့် ကိုးဦးသေဆုံး၊ ၃၂ဦးဒဏ်ရာရရှိ

ဘိုဂိုတာ မေ ၃၁

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် လူကိုးဦး သေဆုံးပြီး ၃၂ဦး ဒဏ်ရာရရှိကြောင်းလူမှုလုံခြုံရေးနှင့်ကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းအတွင်း ပြည်နယ် ၂၆ခုရှိမြို့ကြီးမြို့ငယ် ၁၅၀ကျော်၌မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ ရွှံ့တုံးများ မျောလာခြင်း၊ တောင်ပြိုခြင်းတို့ ဖြစ်ပွားခဲ့သည်။

အစိုးရက ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် ဒေသများမှ နေထိုင်သူများအားဘေးကင်းရာသို့ပြောင်းရွှေ့ပေးပြီး ရေဘေးဒဏ်သင့်ဒေသများသို့ အစားအစာနှင့် ဆေးဝါးများ ပေးပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်၌ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် ဆယ်ကျော်သက်များ သေဆုံး

လန်ဒန် မေ ၃၁

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ မြောက်ဘက် ကမ်ဒင်ဒေသရှိလမ်းပေါ်၌ ၁၇နှစ်အရွယ် ရှာမာကီဟက်ဆန်သည် ဗုဒ္ဓဟူးနေ့က ဦးခေါင်းအား သေနတ်ဖြင့် ပစ်ခတ်ခံရပြီး လန်ဒန်မြို့ မြောက်ဘက်ရှိ ဆေးရုံတွင် စနေနေ့ညပိုင်း၌ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၂၉ ရက်တွင် ပြောကြားသည်။

ယင်းသို့ ပစ်ခတ်ခံရသည့် ညပိုင်း၌ ကိတ်မြို့ စားသောက်ဆိုင် အပြင်ဘက်တွင်လည်းခိုက်ရန်ဖြစ်ပွားရာ ပြသမည့်ဆဲဆဲ " Harry Potter and The Half-Blood Prince" ဇာတ်လမ်းတွဲ သရုပ်ဆောင် အသက် ၁၈ နှစ်အရွယ်ရှိ ရော့ကနော့ဇ်ဆိုသူမှာ ဓားထိုးခံရသည်။

သေဆုံးသူဟက်ဆန်သည် လန်ဒန်မြို့တွင် ယခုနှစ်၌ ဆယ်ကျော်သက်အရွယ် အသတ်ခံရမှုတွင်၁၅ဦးမြောက်ဖြစ်သည်။ ယခင်နှစ်က သေနတ် သို့မဟုတ် ဓားဒဏ်ရာတို့ဖြင့် ဆယ်ကျော်သက်အရွယ် ၂၆ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဟာရီကိန်းမုန်တိုင်းအတွက် ခိုလှုံစရာ ၉၉၅ ခု နီကာရာဂွါ တည်ဆောက်ပြီး

မနာဂွာ မေ ၃၁

သောကြာနေ့တွင် ဟာရီကိန်းမုန်တိုင်း အယ်လ်မာတိုက်ခတ်လာမည့် အရေးကို ကြိုတင်ပြင်ဆင်သောအားဖြင့် နီကာရာဂွါနိုင်ငံသည် အရေးပေါ် ခိုလှုံစရာ ၉၉၅ ခု တည်ဆောက်ပြီးစီးကြောင်း မြို့ပြကာကွယ်ရေးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဟာရီကိန်းအယ်လ်မာကြောင့် မိုးသက်လေပြင်းခံရမည့် အဖြစ်နိုင်ဆုံးသောဒေသမှာ နီကာရာဂွါနိုင်ငံ၏ ပစိဖိတ်ကမ်းခြေ ဖြစ်ကြောင်း မြို့ပြကာကွယ်ရေးဌာနအကြီးအကဲ မာရီယိုပီရက်ဇ်ကက်စ်စာက ပြောကြားသည်။

ကော့စ်တာရီကာနိုင်ငံနှင့်နယ်စပ်ချင်းထိနေသည့် ရီဗာစ်ပြည်နယ်၊ အရှေ့ဘက်တွင် ဂရာနာဒါနှင့် မာဆာယာ၊ တောင်ဘက်တွင် ကာရာဇို၊ အနောက်ဘက်တွင် လီယွန်နှင့် ချီနန်ဒီဂါတို့တွင် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မီယာမီရှိ အမေရိကန်အမျိုးသား ဟာရီကိန်းဗဟိုဌာန၏ နီကာရာဂွါနိုင်ငံအတွက် ကြိုတင်သတိပေးချက် ကြေညာပြီးသည့်နောက် ကြိုတင်ကာကွယ်ရေးကို အထူးဆောင်ရွက်ရန် အမိန့်ပေးခဲ့သည်။

နီကာရာဂွာအပျော်တမ်းလေ့လာရေးအဖွဲ့၏ ကြိုတင်ခန့်မှန်းချက်အရ အယ်လ်မာမုန်တိုင်းသည် လီယွန်မြို့၏ အနောက်တောင်ဘက် ၁၆ ကီလိုမီတာ အကွာခန့်ကို တိုက်ခတ်လိမ့်မည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

Family Magazine June 2008

လစဉ် တင်ဆက်နေကျ ဗီဿနိုးရဘဲ အကျိုးပြုရသ၊ သုတ၊ ဘောင်းများ စုံလင်စွာဖြင့်... ထွက်ပြီ

ညော်ကောင်း ညော်မြတ်
အကယ်ဒမီ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)

စိတ်ရောဂါနှင့် ကွာရှင်းခွင့်

နလုံးသား ဝေဒနာကို ဘယ်လို ကုသကြမလဲ

ဆယ်ကျော်သက်သုံး တယ်လီဖုန်း

ရေခြား မြေခြား ပညာသင်သွားကြမလား

သင့်ကလေး ကျန်းမာအောင်...

မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄ ခုနှစ်တွင် တည်ထောင်သည်)

အသက် (၂)နှစ်ခွဲမှစ၍ လက်ခံသည်။

ကျောင်းကားရှိသည်။

(၉း၀၀)နာရီမှ (၃း၀၀)နာရီထိ။

ကျောင်းခွဲ (၂) - ဂန္ဓမာ (၅) လမ်း။ ယုဇနပလာဇာအနောက်ဘက် လုံးချင်းအိမ်ရာ ။
☎ - ၂၀၀၉၁၇ ၊ ၀၉-၅၁၂၆၈၈၂

ကျောင်းခွဲ (၃) - အနော်ရထာလမ်း။ ရန်ကင်း ကျောက်ကုန်း ။
☎ - ၅၆၆၅၉၂ ၊ ၀၉-၅၀၁၁၁၂၄

Signature FINE DINING

THE Garden BISTRO

The Dining Venue of Choice in Yangon

Business as Usual from Today

Corner of Kaba Aye Pagoda Road and Kan Yeik Thar Road
Kandawgyi Relaxation Zone
Bahan Township, Yangon, Myanmar
Tel: 546 488 or 543 387 Email: signature@mptmail.com.mm

မူကြိုဆရာအတတ်ပညာရေး သင်တန်း အပတ်စဉ် (၁၈) ဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန မူကြိုဆရာအတတ်ပညာရေးသင်တန်း အပတ်စဉ် (၁၈) ဆင်းပွဲကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ရုပ်ရှင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူတစ်ဦးချင်းအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက ထူးချွန်ဆုများကို ချီးမြှင့်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ သင်တန်းအပတ်စဉ် (၁၈)ကို မေ ၂ရက်မှ ဇွန် ၁ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသူ ၆၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

TOTAL Kids School

"School is the best party in town"

✔ မူကြို (တနင်္လာ-သောကြာ) (၂ - ၆ နှစ်အတွင်း)
✔ တနင်္လာ-သောကြာ (ညနေပိုင်းတန်းခွဲ) (၂ - ၁၄ နှစ်အတွင်း)
✔ စနေ-တနင်္ဂနွေ တန်းခွဲ (၂ - ၁၄ နှစ်အတွင်း)

Admissions Open!

ပုဇွန်တောင်	စမ်းချောင်း	ဗဟန်း (၁)	တာမွေ	ဗဟန်း (၂)
၉၅ အနော်ရထာလမ်း(၅၂လမ်းထောင့်)	၃၃၆ ပြည်လမ်း	F-7 (ဝထဝထဝ) ဝုလ်ထွန်းနှိ	280 ဦးဝိစာရလမ်း	23(A) ထွာအေးဘုရားလမ်း
☎ 296552 293754	☎ 526456 701165	☎ 545957 557448(849)	☎ 524599 501976	☎ 725788

ကျောက်ဖရုံတောင့် (ရှယ်ချောင်း)
ကျောက်ဖရုံ ပုလဲ

လက်လီ ၊ လက်ကား ရောင်းချပေးနေပါသည် ။

ဂုဏ်သိက္ခာနှင့်အထက်ဝယ်ယူပါကစရိတ်ငြိမ်းပို့ဆောင်ပေးပါသည်။

ဆက်သွယ်ရန် - ဖုန်း ၆၈၅၂၅၉ ၊ ၂၄၄၀၉၇ ၊ ၀၉ - ၅၁၀ - ၉၄၅၈

အိမ်မိုးသွပ်ပြားများ ရောင်းရန်ရှိပါသည်

အမှန်တကယ် အသုံးပြုရန် လိုအပ်လျက်ရှိသောသူများအတွက် 6',7',8',9',10' Size အမိုးသွပ်ပြားများကို ရောင်းချပေးနေပါသည်။

တစ်ဆင့်ပြန်လည် ရောင်းချမည့်သူများအား ရောင်းပေးမည် မဟုတ်ပါ။

ဆက်သွယ်ရန်လိပ်စာ- ဟိန်းကမ္ဘာကုမ္ပဏီလီမိတက်

၁။- အခန်း(၁၆)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၁၅၉၁။

၂။- စ/၆၄၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၆၄၀၀၊ ၀၉-၅၀၀-၇၄၀၂

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ဒေါ်ရင် (ကေအယ်လ်တီ - ၀၀၅၁၁၈) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်- ၉၄၆/၈၈ ဖြင့် မှတ်ပုံတင်ထားခဲ့ပါသည်။

ကျားခေါင်း

TRADE MARK

ဓာတုကော်

အင်္ကျီနှင့် စာရွက်စာတန်းကပ်ရာတွင် အသုံးပြုနိုင်ပါသည်။

အထက်ဖော်ပြပုံပါ ကျားခေါင်းအမည်ပါအဆင့်မြင့် ဓာတုကော်ကုန် အမှတ်တံဆိပ်ကို မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဒီဇိုင်းတီထွင်၍ ပြုလုပ်ထားခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပုံပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကိုသုံး၍ ဓာတုကော်ထုတ်၊ ဓာတုကော်ဘူး၊ ဓာတုကော်ရည်စသည့် ဓာတုကော်နှင့် ပတ်သက်ရသည့် ရုံးသုံးကော်၊ အင်္ကျီကပ်ကော်နှင့်ကော်မျိုးစုံပစ္စည်းများ၏ ထည့်သွင်းအသုံးပြုသည့် ပလတ်စတစ်ထုပ်ကော်ဘူး၊သံဘူးပုလင်းပါဆယ်ထုပ်များ ၌ ယင်းတံဆိပ်အမည် အမှတ်အသားကို အရောင်အမျိုးမျိုးအရွယ်အစားအမျိုးမျိုး တို့ကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိ ပါသည်။

ယခုအခါ စီးပွားရေးမသမာသူအချို့သည် အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်ကို အသုံးပြု၍လည်းကောင်း၊ အမည်ဆင်တူ ယိုးမှားပြုလုပ်၍ လည်းကောင်း၊ တံဆိပ်ဆင်တူယိုးမှားတို့ကိုတုပပြုလုပ်၍ လည်းကောင်း၊ ဓာတုကော်နှင့် ပတ်သတ်သော ရုံးသုံးကော်၊ အင်္ကျီကပ်ကော်များကို ထုတ်လုပ် ရောင်းချနေကြောင်းစုံစမ်းသိရှိရ၍ ဝယ်ယူသုံးစွဲသူများအနေဖြင့် အထက်ဖော်ပြပုံပါ ကုန်အမှတ်တံဆိပ်အစစ်အမှန်ကို သတိထား၍ ဝယ်ယူသုံးစွဲကြရန်နှင့် အထက်ဖော်ပြပုံပါကုန်အမှတ်တံဆိပ်ကို ထင်ယောင်ထင်မှား ဖြစ်အောင် တုပ ပြုလုပ်နေသူ မည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ညွှန် ကြား ချက် အ ရ

ဦးချစ်ခင်ခင်

LL.B, H.G.P., Dip in Business Law.,
Dip in Applied Psychology., Dip in Maritime Law.,

(တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေ အကြံပေးပုဂ္ဂိုလ်)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၅၂၉၂၄

ရှောင်လေဝေးဝေး မူးယစ်ဆေး

ဗဟန်းမြို့နယ်မှ မြေဝန်းကျယ်ကို ဈေးလျှော့ရောင်းမည်

ဗဟန်းမြို့နယ်နေရာကောင်းတွင် ၁၀၀ ပေ × ၂၀၀ ပေ ဘိုးဘွားမြေနှင့် ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ သစ်သားအိမ်သေး (၁)လုံးကို ငွေပေါ်လျှော့ဈေးနှင့် ရောင်းမည်။ စရန်ပြပြီး ဈေးဆစ်ကြည့်ပါ။ ဈေးသက်သာစေရမည်။

ပေါ်ပြူလာကျော်ဝင်း ၀၉၈၀၁၁၈၅၆၊ ၁၇၂၆၆၀

Boiler Feed Pump / Condensater Water Pump

ဘွိုင်လာရေသွင်းပန့် / ရေပူပန့်

- လျှပ်စစ်စွမ်းအား၊ မြင်းကောင်ရေ အနည်းငယ်သာ လိုအပ်သည်။
- မီးစက်သက်သာ/မီးအားကုန်ကျမှုသက်သာ။
- ဘွိုင်လာပန့်သည် Preheat ပြုလုပ်ထားသော ရေအပူချိန် ၁၂၀ စင်တီဂရိတ်အထိလည်းကောင်း၊ ရေပူပန့်သည် ၂၀၀ မှ ၃၅၀ စင်တီဂရိတ်အထိလည်းကောင်း ခံနိုင်ပါသည်။
- လက်ရှိဝယ်ယူ အသုံးပြုနေသော Customer များစာရင်းကို ကျွန်တော်တို့ထံမှ တောင်းယူ၍ စုံစမ်းမေးမြန်းကြည့်စေလိုပါသည်။ ပြီးမှ ဝယ်ယူရန် ဆုံးဖြတ်နိုင်ပါသည်။

ဟန်စိန်သန့်ကုမ္ပဏီ

ရန်ကုန် ➢ အမှတ်(၂၈/၂၉)၊ တိုက်(၁၁၂)၊ ပြည်လမ်း၊ (၈)မိုင်လမ်းဆုံ (မရမ်းကုန်းနိုးမဘဏ်အပေါ်ထပ်)၊ ရန်ကုန်မြို့။
ဖုန်း - ၆၅၀၄၈၈၊ ၆၆၅၃၄၃၊ ၆၆၁၀၃၀
၀၉-၅၀၁၃၄၂၁၊ ၀၉-၅၀၀၄၈၅၁
၀၉-၅၁၀၂၃၅၂၊ ၀၉-၅၁၂၁၈၃၀

မန္တလေး ➢ အမှတ်(၈)၊ တိုက်(၁)၊ ၂၆ လမ်း၊ (၇၈ နှင့် ၇၉ လမ်းအကြား)
ဖုန်း - ၀၂-၂၄၆၅၀၊ ၀၉-၉၉၂၃၆၉၈

ဦးမောင်မောင်စိန်နှင့် အများသိစေရန် သတိပေး အကြောင်းကြား တားမြစ်ခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း အမှတ်(၁၃၉)နေ ဒေါ်လှစိန် [၆/ကသန (နိုင်) ၀၁၅၆၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေး အကြောင်းကြားသိစေအပ်ပါသည်-

ရန်ကုန်မြို့၊ (၈)ရပ်ကွက်၊ ကုန်သည်လမ်း၊ (ဒု-လွှာ-ယာ)၊ အမှတ် (၄၅၄/၄၅၆) အခန်းအား ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၀၃၂၆၄]က ၁၄-၅-၂၀၀၇ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် သဘောတူစာချုပ်အရ ၄၉၀၀၀၀၀၀/- (ကျပ်သိန်းလေးရာကိုးဆယ်တိတိ) ကျွန်ုပ်၏ အမှုသည်အား ရောင်းချခဲ့ရာ စရန်ငွေ ကျပ် ၂၀၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ရာကျပ်တိတိ)ကို ရယူခဲ့ပြီးဖြစ်ပါသည်။

အခန်းဖိုးပေးရန်ကျန်ငွေများကို ကျွန်ုပ်၏ အမှုသည်မှ ပေးရန် အဆင်သင့်ဖြစ်သော်လည်း ဦးမောင်မောင်စိန်မှ အခန်းကိုလည်း ပေးအပ်ခြင်းမပြု၊ ကျန်ငွေကိုလည်း လက်ခံခြင်းမပြုဘဲ အကြိမ်ကြိမ် အကြောင်းပြကာ ရှောင်လွှဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအခန်းနှင့် ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျွန်ုပ် အမှုသည်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး တားမြစ်အပ်ပါသည်။

ဒေါ်လှစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းဇန် (LL.B)

အထက်တန်းရှေ့နေ- (စဉ်/၇၂၉၅)

အမှတ်(၃၅)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၅)၊ အကျယ်အဝန်း(၂၅ပေ×၅၀ပေ)ရှိ ဦးအောင်သိန်း၊ ဦးစိုးခိုင်တို့အမည်ဖြင့် တည်ရှိသော မြေချပါမစ် မြေကွက်နှင့် မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၆)၊ အကျယ်အဝန်း (၂၅ပေ×၅၀)ပေရှိ ဒေါ်အေးရီ၊ ဒေါ်လှကျင်တို့အမည်ဖြင့် တည်ရှိသော မြေချပါမစ်မြေကွက် စုစုပေါင်းမြေကွက် နှစ်ကွက်၊ အကျယ်အဝန်း (အလျား၅၀ပေ×အနံ၅၀ပေ)ရှိ မြေချပါမစ် မြေကွက်များနှင့် ယင်းမြေကွက်များပေါ်တွင် တည်ရှိသော အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူဖြစ်သော ဦးသောင်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်သဖြင့် အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင် စာချုပ်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ယခုသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးမောင် (LL.B) — တရားရုံးချုပ်ရှေ့နေ
ဦးသန်းစိုးထွန်း (LL.B,D.B.L) — အထက်တန်းရှေ့နေ

အမှတ်(၂၈၃)၊ ပထမထပ်(ဝဲ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၇၃၉၆၈၊ ၀၉-၅၁၇၄၂၂၉

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁-ကမာရွတ်)၊ မြေကွက်အမှတ်(၉၆)၊ ဧရိယာ (၀. ၁၁၃)ဧက ရှိသော မြေပိုင်မြေ လ/န-၃၉ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၄/ဘီ)ဟုခေါ်တွင်သော အဆောက်အအုံ နှစ်လုံး၊ တယ်လီဖုန်းအမှတ် ၅၃၇၂၄၆၊ လျှပ်စစ်မီး၊ ပါဝါမီတာ၊ ရိုးရိုးမီတာလေးလုံး၊ ရေမော်တာအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ် ဒေါ်ရင်ဟွေးရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်သဖြင့် အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင် စာချုပ်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ယခုသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးမောင်(LL.B) — တရားရုံးချုပ်ရှေ့နေ
ဦးသန်းစိုးထွန်း (LL.B,D.B.L) — အထက်တန်းရှေ့နေ

အမှတ်(၂၈၃)၊ ပထမထပ်(ဝဲ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၅၁၇၃၉၆၈၊ ၀၉-၅၁၇၄၂၂၉

အများသိစေရန် ကြေညာအပ်ပါသည်

မကွေးတိုင်း၊ သရက်ခရိုင်တရားရုံးမှ ဒုတိယဦးစီးမှူး ကျွန်မ ဒေါ်တင်ဝါဝါသိန်း[၇/ရကန(နိုင်)၀၀၅၀၁၁]သည် မဒေါက်မြို့ မြို့မ (၂)ရပ်ကွက်နေ ဦးကျော်ခင် ၏သားဖြစ်သူ ဦးဆန်းမြင့် [၇/ညလပ(နိုင်) ၀၁၂၅၉၅]နှင့် ၂၀-၂-၂၀၀၈ရက် ညောင်လေးပင်မြို့နယ် တရားရုံး၏ ဒီကရီအရ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ဦးဆန်းမြင့်နှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းခြင်း၊ ဖြေရှင်းခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်ဝါဝါသိန်း [၇/ရကန(နိုင်) ၀၀၅၀၁၁]

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မမွန်မွန်ဇာကျော် [၇/ကကန(နိုင်)၀၂၆၇၈၂]သည်မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ လုံးဝ စွန့်လွှတ်လိုက်သည်။

ဦးကျော်ညွှန့်-ဒေါ်မြမြ
ကျောက်ကြီးမြို့

LCCI Level I, II
Bookkeeping & Accounts
Starting Date- 12.6.08
Fees- 35000/-
10% Discount
from 1.6.08 to 12.6.08
Ph: 378097, 095159295
211,Seikkanthar St (Mid)

ရောင်းမည်
အလှပြင်ဆိုင်သုံးပရိဘောဂ
အလှား(၈)ပေကြေည်မှန်တပ်
ရှိုးကေ့စ်ဖော်မေကာကပ်(၂)လုံး
နှင့်အဆင်သင့်သုံးရှိုးကေ့စ်များ
Ph: 052-22686

အမည်ပြောင်းခြင်း

အဖ ဦးနိုင်ဦး၏ သမီး TTC သူငယ်တန်း (A) မှ မဖူးဖူးအား မဖူးမြတ်ရွှေစင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖူးမြတ်ရွှေစင်**

အမည်ပြောင်းခြင်း

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ် အလက(ရေကျော်) သတ္တမတန်းမှ "မသက်နှင်းအေး" အား "မသစ်သစ်လှ"ဟု ပြောင်းလဲခေါ်ပါရန်။
မသစ်သစ်လှ

တော်ဝင်နှင်းဆီ
လချုပ် ငှားရန်နှင့် မြို့တွင်း၊ မြို့ပြင် ကားမျိုးစုံငှားရန်အသင့်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
☎- 380183, 380821

Super Car Rental
လချုပ်၊ နှစ်ချုပ် အိမ်သုံး/ရုံးသုံး
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
☎: 386479, 09 51 59662

လက်ထပ်မင်္ဂလာ ညှော့ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ[ကောင်ဖတ်စွိ(ခ)ဦးချစ်ဆွေ-ဒေါ်မိငွေး]ဒေါ်ငွေး-ဦးထုပ်ဆိုင်၊
ရန်ကုန်မြို့နေ ဦးအစီ-ဒေါ်ညွန့်ညွန့် (ငွေးငွေးဝင်းဆီစက် ရန်ကုန်ပဲဆီသန့်)တို့၏မြေး၊
ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ် (၁၁၅)နေ
ကောင်ဖတ်ချန်(ခ)ဦးသန်ချောင်း (Director, U Ah Si Family Co.,Ltd.)-
ဒေါ်ရီရီငွေး (MD,U Ah Si Family Co, Ltd)တို့၏ သားလတ်၊
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅လမ်း၊ မ/၁၀၊ ၇(C)နေ

မောင်ဆွေအောင်ခိုင်

2nd Eco (Director,Thet Tant Yaung Co.,Ltd.)

နှင့်

ပဲခူးမြို့နေ[လင်ဟိုလျောင်(ခ)ဦးကျင်မောင်-ကြူရူလွမ်း(ခ)ဒေါ်ကျင်မြ]
ပဲခူးမြို့နေ [လူချိန်လျှံ(ခ)ဦးကောက်]-ဒေါ်ကျင်ငွေတို့၏မြေး၊
မန္တလေးမြို့၊ (၈၆)လမ်း၊ လမ်း(၃၀)ထောင့်နေ ဦးလှရွှေ-ဒေါ်ငွေးငွေး
(ဟသ်ာညီနောင်-ပဲခူးပွဲရုံ)နှင့်(ထွန်းရာဇာပေါင်းသကြားစက်) တို့၏ သမီးထွေး

မလဲ့လဲ့မျိုး B.Sc (Physics)

